# ရတနာပုံ

yadanabonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၂) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (19-7-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၈၈၀)


## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




**ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုပါ၏။**

ရတနာပုံ

၂၀၁၂ ခုနှစ် ဇူလိုင် ၁၉ ရက်

အယ်ဒီတာ့အာဘော်

# ၇၆ နှစ်မြောက် အာဇာနည်နေ့

ယနေ့သည် ၇၆ နှစ်မြောက် အာဇာနည်နေ့ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မြန်မာ့အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်ကို အထိမ်းအမှတ်ပြု၍ နှစ်စဉ် အာဇာနည်နေ့ကို ကျင်းပခဲ့သည်။ အာဇာနည်နေ့သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မေ့၍မရသော သမိုင်းဝင်နေ့တစ်နေ့ဖြစ်သည်။

အာဇာနည်ဟူသည် အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသောသူ။ သာမန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူကို အာဇာနည်ဟုခေါ်သည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့အတွင်းဝန်ရုံး၌ အစည်းအဝေးပွဲတစ်ခုကျင်းပနေချိန်တွင် နယ်ချဲ့လက်ပါးစေလက်နက်ကိုင်လူတစ်စုသည် စက်သေနတ်များဖြင့် ဝင်ရောက်ပစ်ခတ်ရာ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ အတွင်းဝန်ဦးအုန်းမောင်၊ ရဲဘော်ကိုထွေးတို့ ကျဆုံးခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသောသတင်းသည် တစ်နိုင်ငံလုံးကို တောမီးပမာ တစ်မုဟုတ်ချင်းပျံ့နှံ့သွားခဲ့သည်။ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရန် နီးကပ်လာချိန်တွင် ယခုကဲ့သို့ ဆိုးရွားသောအဖြစ်ဆိုးနှင့် ကြုံတွေ့လိုက်ရခြင်းမှာ တစ်နိုင်ငံလုံး အလွန်ဝမ်းနည်းကြေကွဲကြရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးရခြင်းသည် တစ်မျိုးသားလုံးအတွက် ကြီးမားသောနစ်နာဆုံးရှုံးမှုကြီးပင်ဖြစ်သည်။

ယနေ့ဆိုလျှင် ဗိုလ်ချုပ်ဆောင်ဆန်းနှင့်တကွ မြန်မာ့အာဇာနည်ခေါင်းဆောင်ကြီးများသည် တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည်မှာ ၇၆ နှစ်မြောက်ရောက်ရှိပြီဖြစ်သည်။ နှစ်စဉ် ဇူလိုင် ၁၉ ရက်ရောက်တိုင်း အာဇာနည်နေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်းကျင်းပကြသည်။ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူခြင်း၊ ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ နိုင်ငံတော်အကြီးအကဲဦးဆောင်၍ နိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချ၍ အလေးပြုခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူပြည်သားများကလည်း ဂူဗိမာန်အတွင်း၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုခြင်း၊ ဂါရဝပြုခြင်း၊ မေတ္တာပို့သအမျှဝေခြင်းများ ပြုလုပ်ကြသည်။

တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို အမှန်တကယ်လေးစားမြတ်နိုးတန်ဖိုးထားသောအားဖြင့် ၎င်းတို့၏ အသက်သွေးချွေးများစွာဖြင့် ပေးဆပ်ကာ ရယူပေးခဲ့သည့် လွတ်လပ်ရေးကို အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် မျိုးချစ်စိတ်ထက်သန်စွာဖြင့် အစဉ်ထာဝရ အတူတကွထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်မှာ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့လွတ်လပ်ရေးကိုရရှိရန် အခက်အခဲမျိုးစုံကိုကျော်လွှားကာ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် ဇူလိုင် ၁၉ ရက်ကို မေ့၍မရနိုင်သည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် ၇၆ နှစ်မြောက်ရောက်ရှိပြီဖြစ်ပါကြောင်း ဂါရဝပြုရေးသားလိုက်ရပါသည်။

# ထိုင်းနိုင်ငံသို့ ငရုတ်သီးခြောက်များ တင်ပို့ရောင်းချရာ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ဖြင့် ဈေးကောင်းရရှိနေ



**မန္တလေး ဇူလိုင် ၁၈**

ထိုင်းနိုင်ငံဈေးကွက်သို့ ငရုတ်သီးခြောက်များ တင်ပို့ရောင်းချရာတွင် တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြ၍ သိရသည်။

အဆိုပါ ငရုတ်သီးခြောက်များကို Export အနေဖြင့် ထိုင်းနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ငရုတ်သီးများမှာ ရာသီကုန်ချိန်ရောက်ရှိနေပြီး အနည်းငယ်သာထွက်ရှိတော့သဖြင့် ထိုင်းနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် တစ်ရက်လျှင် ၁၂ ဘီးကား တစ်စီးသာ တင်ပို့ရောင်းချနေရကြောင်း၊ ထိုသို့တင်ပို့ရောင်းချရာတွင် ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုချိန်မှာတော့ ထိုင်းနိုင်ငံဈေးကွက်ကို ငရုတ်သီးခြောက်တွေ တင်ပို့ရောင်းချနေပါတယ်။ ငရုတ်သီးက ရာသီကုန်ချိန်ရောက်နေပြီဆိုတော့ တင်ပို့ရောင်းချတာနည်းသွားပါပြီ။ အဝယ်တွေလဲ နည်းလာပါပြီ။ တင်ပို့တဲ့ ငရုတ်သီးခြောက်တွေကတော့ ဈေးကောင်းရပါတယ်။ ထိုင်းနိုင်ငံ ဈေးကွက်အရောက် ငရုတ်သီးခြောက် တစ်ပိဿာကို ငွေကျပ် ၁၂၀၀၀ ဈေးနဲ့ရောင်းချရပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာ အရင်လို ကားအစီးရေ မများတော့ပါဘူး။ တစ်ရက်ကို တစ်စီးလောက်ပဲရှိတော့တယ်။ ငရုတ်တွေကို နယ်ဒေသတွေမှာ ပြန်လည်စိုက်ပျိုးနေကြပါပြီ။ ငရုတ်အသစ်တွေလဲ ထွက်ရှိလာတော့မှာပါ"ဟု ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြသည်။

ငရုတ်ကို ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း သကြားအရောင်းအဝယ်ကောင်းမွန်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဇူလိုင် ၁၈**

မန္တလေး ဈေးကွက်အတွင်း သကြားအရောင်းအဝယ်ကောင်းမွန်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ ပေါက်ဈေးရှိလာကြောင်း သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း(မန္တလေး)ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

ယခုအခါ သကြားကို ပြည်ပတရုတ်နိုင်ငံဘက်ကလည်း ဝယ်ယူမှုများရှိကြောင်း၊ လတ်တလောတွင် ပြည်ပမှကုန်သည်များက သကြားဝယ်ယူမှုများပြားလာသည့်အပြင် ပြည်တွင်းဈေးကွက်၌လည်း သကြားဝယ်ယူမှု များပြားလာခြင်းကြောင့် သကြားဈေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးကနေထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့သကြားတွေကို အခုလတ်တလော တရုတ်နိုင်ငံဘက်က ဈေးကောင်းပေးပြီး ဝယ်ယူမှုတွေရှိပါတယ်။ မန္တလေးဈေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ်အကောင်းဆုံး အနေအထားမှာ ရှိနေပါတယ်"ဟု ဦးဝင်းဌေးက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇူလိုင်လ ပထမပတ်က သကြား တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း လက်ရှိတွင် သကြားအရောင်းအဝယ်ကောင်းလာသဖြင့် ယနေ့ပေါက်ဈေးအရ တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ ရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

"သကြားကတော့ အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်ကြမ်းလက်ကျန် နည်းပါးသွားတာမျိုးတွေတော့မရှိပါဘူး။ နောက်ပိုင်း ဒီထက်ပိုပြီး သကြားအဝယ်ကောင်းလာရင်တော့ မန္တလေးဈေးကွက်ထဲ သကြားလက်ကျန် နည်းသွားနိုင်ပါတယ်"ဟု သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး မြို့နယ်ခြောက်မြို့နယ်အတွင်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇူလိုင် ၁၈**

မန္တလေး စည်ပင်နယ်နိမိတ်မြို့နယ် ခြောက်မြို့နယ်အတွင်း ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေး စည်ပင်နယ်နိမိတ်မြို့နယ် ခြောက်မြို့နယ်အတွင်း အဓိကလမ်းမကြီးများ အပါအဝင် မန္တလေးဈေးချိုတော်အနီးတစ်ဝိုက် စသည့်နေရာများတွင် စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့ရှုပ်ထွေးမှုမရှိစေရေး ဇူလိုင်လ ဒုတိယပတ်မှစ၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(မြို့တွင်း)နှင့် မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့ စသည့်အဖွဲ့စုံဖြင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မန္တလေး စည်ပင်နယ်နိမိတ်မြို့နယ် ခြောက်မြို့နယ်အတွင်း စည်းကမ်းဖောက်ဖျက်တဲ့ယာဉ်တွေကို စီမံချက်နဲ့စပြီးစစ်ဆေးကြပ်မတ်ဆောင်ရွက်နေပါတယ်။ အဓိကကတော့ စည်းကမ်းမလိုက်နာတဲ့ယာဉ်တွေကြောင့် မြို့တွင်းယာဉ်ကြောကျပ်တာတွေ၊ ယာဉ်တိုက်မှုဖြစ်နေတာတွေကြောင့် စည်းကမ်းဖောက်ဖျက်တဲ့ယာဉ်တွေကို စီမံချက်နဲ့ စစ်ဆေးနေတာပါ"ဟု ဦးရဲထွန်းက ပြောပြသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မန္တလေး စည်ပင်နယ်နိမိတ်မြို့နယ် ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်အတွင်း ယာဉ်များအနေဖြင့် သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်အတိုင်း လိုက်နာမှုမရှိဘဲ ယာဉ်ဘေးကပ်မရပ်ခြင်း၊ ယာဉ်ပြောင်းပြန်ရပ်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း စသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုများကို စစ်ဆေးလျက်ရှိရာ လက်ရှိအချိန်ထိ စည်းကမ်းမလိုက်နာသည့်ယာဉ် ၁၀ စီးခန့်ကို ဒဏ်ရိုက်အရေးယူထားပြီးဖြစ်ကြောင်း၊ စည်းကမ်းဖောက်ဖျက်သည့်ယာဉ် တစ်စီးလျှင် ငွေကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀ ထိ ဒဏ်ရိုက်အရေးယူကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကူးမြို့နယ် ဈေးကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**စဉ့်ကူး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ရွှေပြည်ကျေးရွာအုပ်စု ဈေးကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)သည် ကျေးရွာလိုအပ်ချက်ကို ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ရွေးချယ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းစနစ်ဖြင့် ဆောင်ရွက်ရသော စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ VDP စီမံကိန်းတာဝန်ခံ ဦးကျော်သက်ထွေးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီရွေးချယ်မှု သတ်မှတ်ချက်များ၊ စီမံကိန်းရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းခွဲကို ကျေးရွာလူထုက ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဈေးကုန်းကျေးရွာအပါအဝင် ကျေးရွာငါးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာလူထုထည့်ဝင်ငွေတို့နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဦးမြသိန်းဝင်းထံမှ သိရသည်။

**ချမ်းဦးကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးဟန်မြင့်-အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီ ဒေါ်မေသက်မော် မွေးနေ့အထိမ်းအမှတ်အဖြစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းအလှူအတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဦးမိတ်၊ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ ၁၀၄၈ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံ ၁၀၄၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲ ဧက ၇၁၀၊ နှမ်း ၁၃၃ ဧကနှင့် ပဲစင်းငုံ ၂၀၅ ဧက စုစုပေါင်း မိုးသီးနှံ ၁၀၄၈ ဧက လျာထားပြီး ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်အတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် မိုးသီးနှံများ လျာထားဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပါတယ်။ ဒီနှစ် မိုးကာလမှာတော့ ဆီထွက်သီးနှံ ၈၄၃ ဧကနဲ့ ပဲစင်းငုံ ၂၀၅ ဧကထိ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ အခုနှစ် မိုးကာလမှာစိုက်ပျိုးမဲ့ ဆီထွက်သီးနှံတွေနဲ့ ပဲစင်းငုံတွေက တောင်သူတွေ စိုက်ဖူးတဲ့ အတွေ့အကြုံရှိတဲ့အတွက် အခက်အခဲမရှိ စိုက်ပျိုးနိုင်မှာပါ။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူတွေရဲ့ သီးနှံတွေ ရာနှုန်းပြည့်စိုက်နိုင်ဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားရောဂါအန္တရာယ် မကျရောက်စေဖို့၊ မျိုးစေ့စနစ်တကျအသုံးပြုတတ်စေဖို့၊ ဓာတ်မြေဩဇာတွေ စနစ်တကျ အသုံးပြုတတ်စေဖို့ စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပေးထားပါတယ်။ ဆက်လက်ပြီးလဲ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲ၊ နှမ်းနှင့် ပဲစင်းငုံများကို ကွင်းချောင်း၊ ဂုံညင်းတန်း၊ ငါးရန့်ချောင်း၊ အုပ်ချစ်ကွင်း၊ အရိုးဒါးရွှေတောင်၊ သမ္မာဒေဝ၊ ကြာကွင်း၊ အုပ်သဘော်၊ တောင်ကလေး၊ ကုန်းကလေး၊ တောကြီး၊ ခရင်ဝဲချောင်း၊ ရေကျော်ကြီး၊ အဝပိတ်၊ ပိုးလောင်း စသည့်ကျေးရွာတို့တွင် အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# သရက်မြို့နယ် ဖျောက်ဆိပ်ခုံကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက် ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ဖျောက်ဆိပ်ခုံကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ဖျောက်ဆိပ်ခုံကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၃၃၂ ဒသမ ၃၆ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ဖျောက်ဆိပ်ခုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးအား ငွေကျပ် ၂၀၄ ဒသမ ၃၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးအား ငွေကျပ် ၁၁၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၆ ဦးအား ငွေကျပ် ၃၃၂ ဒသမ ၃၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဝင်းမာ**

# စဉ့်ကိုင်မြို့၌ VDP စီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းဆင်းပွဲကျင်းပ

**စဉ့်ကိုင် ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် ကျေးရွာ ငါးရွာမှ ကော်မတီဝင်များ စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ VDP စီမံကိန်းရေးဆွဲနည်းနှင့် စီမံကိန်းရန်ပုံငွေ သုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းဆင်းပွဲကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံခန့်ခွဲမှုအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ထို့နောက် စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြင့်ခိုင်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးလိုက်သော သင်ခန်းစာများကို လက်တွေ့အသုံးချပြီး ဦးစားပေးအလိုက် ရွေးချယ်ထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ရှင်းလင်းဆွေးနွေးမှာကြားသည်။

အဆိုပါသင်တန်းသို့ စဉ့်ကိုင်မြို့နယ်အတွင်းရှိ VDP စီမံကိန်းဆောင်ရွက်မည့် အင်းကုန်းကျေးရွာ၊ ကျွဲနဖားကျေးရွာ၊ ညောင်ပြကျေးရွာ၊ ကင်းလတ်ကျေးရွာနှင့် ကြေးနီကန်ကျေးရွာမှ ကော်မတီဝင် ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံကိန်းရေးဆွဲနည်းနှင့် စီမံကိန်းရန်ပုံငွေသုံးစွဲရေး အစီအစဉ်(AVIP) သင်တန်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ဇူလိုင် ၁၃ ရက်မှ ဇူလိုင် ၁၇ ရက်ထိ ငါးရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**



# ဘုတလင်၊ တွင်းတောင်နှင့် မြန်မာ့ကြေးခေတ်

မောင်သာ(ရှေးဟောင်းသုတေသန)

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်ရှိ ဘုတလင်မြို့နယ်သည် ညောင်ကန်ဆရာတော် ဦးဗုဓ်၊ သာသနာပိုင် မောင်းထောင်ဆရာတော်၊ စိန္တကျော်သူဦးပြေ၊ တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညို၊ သံချိုဦးကျော်လှ အစရှိသည့် ရဟန်းပညာရှိ၊ လူပညာရှိများပေါ်ထွန်းခဲ့သည့်ဒေသဖြစ်သကဲ့သို့ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲတွင်ထင်ရှားခဲ့သည့် မြန်မာစစ်သူကြီး မဟာဗန္ဓုလ၏ ဇာတိမြေလည်းဖြစ်သည်။ ထို့အတူ ဘုတလင်မြို့နယ်တွင် မြန်မာ့ကြေးခေတ်ယဉ်ကျေးမှုထွန်းကားခဲ့သည့်နေရာများနှင့် စပီရူလိုင်းနားထွက်ရှိသည့် တွင်းတောင်တို့ တည်ရှိသည်။

**ဘုတလင်မြို့နယ်၏ သမိုင်းနောက်ခံ**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်သည့် ၂၀၂၀ ပြည့်နှစ်မှတ်တမ်းများအရ ဘုတလင်မြို့ဖြစ်တည်လာပုံနှင့်စပ်လျဉ်းသည့် ခိုင်မာသောသမိုင်းအထောက်များမရှိချေ။ နှုတ်ပြောစကားများအရ ဘုတလင်သည် မယ်ပုတလင် လယ်ယာလုပ်ကိုင်သည့်နေရာဖြစ်ခဲ့၍ လူအများစုဝေးနေထိုင်လာချိန်တွင် မယ်ပုတလင်မှ ဘုတလင်ဟု ပြောင်းလဲခဲ့သည်။ ဘုတလင်မြို့မတည်မီက မြို့ဦးနေရာတွင် ညောင်ပင်တစ်ပင်အောက်၌ ဗုဒ္ဓဆင်းတုတော်စံပယ်နေသည့်ပလ္လင်တစ်ခုရှိခဲ့ရာ ၎င်းပလ္လင်ကိုအစွဲပြု၍ ဗုဒ္ဓပလ္လင်ဟုခေါ်ဆိုခဲ့ကြောင်း၊ ကာလရှည်ကြာလာချိန်တွင် ဗုဒ္ဓပလ္လင်မှ ဗုပလင်၊ ဗုဓလင်၊ ဘုတလင်ဟု ပြောင်းလဲခဲ့သည်ဟုလည်း ဆိုကြသည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ဘုတလင်မြို့ကို ၁၉၇၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဖွဲ့စည်းခဲ့ကာ ၁၉၇၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ကျေးရွာအုပ်စုများကို ဖွဲ့စည်းခဲ့သည်။

ဘုတလင်မြို့နယ်သည် ၄၁၄ ဒသမ ၈ စတုရန်းမိုင်ကျယ်ဝန်း၍ အရှေ့ဘက်တွင် အရာတော်မြို့နယ်၊ တောင်ဘက်တွင် မုံရွာမြို့နယ်၊ အနောက်ဘက်တွင် ယင်းမာပင်မြို့နယ်နှင့် မြောက်ဘက်တွင် ဒီပဲယင်းမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်နေသည်။ ဘုတလင်မြို့နယ်ကို ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၅၄ အုပ်စု၊ ကျေးရွာ ၁၈၈ ရွာဖြင့်ဖွဲ့စည်းထားကာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်ထိ ဘုတလင်မြို့နယ်၏ လူဦးရေသည် ၁၅၆၁၅၀ ဖြစ်သည်။

**တွင်းတောင်**

တွင်းတောင်သည် ဘုတလင်မြို့မှ အနောက်ဘက်သုံးမိုင် နှစ်ဖာလုံကွာဝေး၍ မုံရွာမှလာလျှင် ဘုတလင်မြို့သို့မဝင်မီ လက်ဝဲဘက်လမ်းခွဲအတိုင်း တွင်းတော်ရွာမှတစ်ဆင့် ၁၀ မိနစ်ခန့်သွားကြရသည်။ တွင်းတောင်၏အရှေ့ဘက်နှစ်ဖာလုံတွင်ရှိသည့် တွင်းရွာမှပြည်သူများသည် ယာလုပ်ငန်း၊ ကွမ်းစိုက်ပျိုးရေးလုပ်ငန်းတို့ဖြင့် အသက်မွေးကြပြီး ယခင်က တွင်းပိုးဖမ်းခြင်းဖြင့်လည်း ရပ်တည်ခဲ့ကြသည်။


အချင်းတစ်မိုင်ကျယ်ဝန်းကာ ၁၄၆ ပေနက်သည့် မီးတောင်ဟောင်းတွင်းတောင်၏ ဒယ်အိုးပုံဖြစ်နေသည့် အိုင်ကြီးအတွင်း၌ရှိနေသည့် စိမ်းပြာရောင်ချွဲပျစ်ပျစ်ရေများမှ စိမ်းပြာရေညှိ(Spirulina)များကို ထုတ်လုပ်သည်။

အပူပိုင်းဒေသ မီးတောင်ဟောင်းများတွင်သာ ရှင်သန်ပေါက်ဖွားလေ့ရှိသည့် စိမ်းပြာရေညှိသည် မက္ကဆီကိုနိုင်ငံမှတက်စ်ကိုကိုရေကန်(Lake Texcoco)၊ ချက်နိုင်ငံမှ ချက်ရေကန်(Lake Chad)နှင့် ဘိုဒူရေကန်(Lake Bodou)၊ ကင်ညာနိုင်ငံမှ နာကူရူးရေကန်(Lake Nakuru)နှင့် အယ်လမင်တီရားရေကန်(Lake Elementaita)၊ အီသီယိုးပီးယားနိုင်ငံမှ အရာဂတ်ဒီရာဒီရေကန်(Lake Arangudiadi)နှင့် ကီလိုတီးစ်ရေကန်(Lake Kilotes)၊ တရုတ်နိုင်ငံမှချန်ဟိုင်းရေကန်(Chenghai Lake)၊ မြန်မာနိုင်ငံမှတွင်းတောင်၊ တွင်းအောင်းနှင့် တောင်ပျောက်တို့တွင်သာ ထွက်ရှိသည်။ တွင်းတောင်၏ ထူးခြားချက်သည် ချင်းတွင်းမြစ်ရေတက်ချိန်တွင် တွင်းအတွင်းမှရေများသည် နိမ့်ကျသွားလေ့ရှိပြီး ချင်းတွင်းမြစ်ရေကျနေချိန်တွင် တွင်းတောင်၏ရေမျက်နှာပြင်မြင့်တက်လာခြင်းဖြစ်သည်။

**စိမ်းပြာရေညှိနှင့် တွင်းပိုး**

တွင်းတောင်ရှိ စိမ်းပြာရေညှိများကို မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ကထိက ဒေါက်တာမင်းသိန်း ဦးဆောင်သည့်အဖွဲ့က ၁၉၈၃ ခုနှစ်တွင် သုတေသနပြုခဲ့ပြီးနောက် ၁၉၈၈ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ထိုစဉ်က အမှတ်(၁)စက်မှုဝန်ကြီးဌာန လက်အောက်ရှိ မြန်မာနိုင်ငံဆေးဝါးစက်ရုံတွင် စပီရူလိုင်းနားဌာနခွဲကို ဖွင့်လှစ်ခဲ့သည်။

၁၉၈၉ ခုနှစ် ဇန်နဝါရီလတွင် ပရိုဗီမင် (Provimin)ဆေးပြားများကို ပြည်တွင်းဈေးကွက်၌ စတင်ရောင်းချခဲ့သည်။ ၂၀၀၃ ခုနှစ် ဇွန် ၆ ရက်တွင် တွင်းတောင်၌ အမှတ်(၃)ဆေးဝါးစက်ရုံကို တည်ဆောက်၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စပီရူလိုင်းနားများထုတ်လုပ်ခဲ့ပြီး အာရှနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့သည်။



စိမ်းပြာရေညှိများထွက်ရှိသည့် တွင်းတောင်ကို တွေ့ရစဉ်။

မြန်မာနိုင်ငံတွင် ဘုတလင်မြို့နယ်ရှိ တွင်းတောင်၊ ကနီမြို့နယ်ရှိ တောင်ပျောက်အင်းနှင့် တွင်းမအင်း၊ စစ်ကိုင်းမြို့နယ်ရှိ ရေခါးအင်းတို့မှ စိမ်းပြာရေညှိများကို ထုတ်လုပ်သည်။ တွင်းတောင်မှထွက်ရှိသည့် စိမ်းပြာရေညှိကိုသာ လူများစားသုံးနိုင်ရန် ပြင်ဆင်ထုတ်လုပ်နိုင်ပြီး တွင်းမနှင့် တောင်ပျောက်မှ ထွက်ရှိသည့် စိမ်းပြာရေညှိများမှ တိရစ္ဆာန်အစားအစာ၊ မြေဩဇာနှင့် သနပ်ခါးတို့ကိုသာ ထုတ်လုပ်နိုင်သည်။

တွင်းတောင်တွင်ရှိသည့်ရေများကို အုတ်ကန်များအတွင်းထည့်ကာ ပန်ကာဒလက်များဖြင့် လှည့်ပေးခြင်းဖြင့် စိမ်းပြာရေညှိများမွေးမြူကြရသည်။ ကန်များအတွင်း အလွန်များပြားသော စိမ်းပြာရေညှိများသည် ကုန်နိုင်ဖွယ်မရှိခဲ့သော်လည်း တွင်းတောင်အတွင်းသို့ ပြင်ပမှရေများဝင်လာသဖြင့် ရေညှိအထွက်နှုန်းလျော့ကျခဲ့သည်။ ထို့အတူ တွင်းတောင်တွင် ရှင်သန်ပေါက်ဖွားသော တွင်းပိုးများလည်း လျော့နည်းလာခဲ့သည်။ တွင်းပိုးသည် လက်သည်းခွံကဲ့သို့ ဝိုင်းဝိုင်းပြားပြားပုံသဏ္ဌာန်ရှိသည့် ရေသတ္တဝါငယ်များဖြစ်ကြသည်။ အရိပ်အောက်တွင် အခြောက်လှမ်းထားသည့် တွင်းပိုးခြောက်များကို လက်ဖက်တွင်ထည့်၍ စားသုံးကြသည်။

တွင်းတောင်တွင်ရှိသည့် ရေ၏ သန့်စင်မှုသည် အဆင့် ၈ ဒသမ ၅ အထက်တွင်ရှိသဖြင့် ထိုရေတွင် တွင်းပိုးဟုခေါ်သည့် အကောင်ငယ်များမှလွဲ၍ အခြားသက်ရှိသတ္တဝါများ မရှင်သန်နိုင်ချေ။ တွင်းတောင်ရေအိုင်တွင် ရှင်သန်ကျက်စားကြသည့် တွင်းပိုးအမများသည် တွင်းတောင်ကမ်းစပ်ရှိ ကျောက်တုံးများပေါ်တွင် ဥများဥလေ့ရှိပြီး လောက်လမ်းကဲ့သို့သော တွင်းပိုးကောင်များ ပေါက်လာလေ့ရှိသည်။ ညပိုင်းတွင် ကမ်းစပ်၌ မီးခွက်ထွန်းကာ မီးရောင်ရှိရာနေရာသို့ ကူးခပ်လာကြသည့် တွင်းပိုးကောင်များကို ဆန်ခါဖြင့်ခပ်ကာ ဖမ်းယူကြရသည်။ အကောင်ကြီးများကို မျိုးမသုဉ်းစေရေး ပြန်လွှတ်ပေးရန်သတ်မှတ်ထားသော်လည်း တွင်းပိုးများသည်ဈေးကောင်းရသဖြင့် အကောင်ကြီးများဖမ်းမိလျှင် ပြန်မလွှတ်ကြသောကြောင့် တွင်းပိုးများရှားပါးလာခဲ့သည်။ ထို့ပြင် တွင်းတောင်အတွင်းသို့ ပြင်ပမှရေများ ဝင်ရောက်လာသဖြင့် ဂေဟစနစ်ပျက်ယွင်းကာ တွင်းပိုးများလျော့နည်းလာခဲ့သည်။ သို့သော် ကနီမြို့နယ်ရှိ တွင်းမနှင့် တောင်ပျောက်တို့တွင် တွင်းပိုးများထွက်ရှိနေသေးသည်။

**မြန်မာ့ကြေးခေတ် ညောင်ကန်သင်္ချိုင်း**

မြန်မာနိုင်ငံတွင် ကြေးခေတ်ယဉ်ကျေးမှုထွန်းကားခဲ့သည့်နေရာတစ်ခုဖြစ်သည့် ညောင်ကန်နှင့် အုတ်အိုင်ရွာတို့သည် ဘုတလင်မြို့နယ်တွင်တည်ရှိကြသည်။ ရှေးဟောင်းသုတေသနဦးစီးဌာနက ညောင်ကန်ကျေးရွာ သင်္ချိုင်းဟောင်း နေရာတစ်ခုတွင် ကြေးခေတ်နှင့် ဆက်နွယ်သည့်အထောက်အထားများကို တူးဖော်တွေ့ရှိခဲ့ပြီးနောက် ညောင်ကန်သည် ပိုမိုထင်ရှားလာခဲ့သည်။ ညောင်ကန်ကျေးရွာသည် ဘုတလင်မြို့မှ အနောက်မြောက်ဘက် ငါးမိုင်အကွာ၊ ချင်းတွင်းမြစ်၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။

ကြေးခေတ်ယဉ်ကျေးမှုထွန်းကားခဲ့ရာနေရာသည် ညောင်ကန်ရွာမှ အနောက်တောင်ဘက်တစ်မိုင်အကွာ၊ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀ အမြင့်တွင် တည်ရှိပြီး တူးဖော်မှုများဆောင်ရွက်ခဲ့သည့် သင်္ချိုင်းဟောင်းနေရာသည် တောင်မြောက်ပေ ၂၅၀ နှင့် အရှေ့အနောက် ပေ ၁၃၀ ကျယ်ဝန်းသည်။

ထိုနေရာသည် တစ်ချိန်က သင်္ချိုင်းမြေတစ်ခုဖြစ်ခဲ့ဟန်ရှိကာ နောက်ပိုင်းတွင် ရွာသာရွာမှ ဦးချစ်လှိုင်က ပိုင်ဆိုင်ခဲ့သည်။ ဦးချစ်လှိုင်သည် ၎င်းနေရာတွင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် မြေရှင်းရာမှ လူအရိုးများ၊ မြေအိုးများ၊ ကြေးလက်နက်များကိုတွေ့ရှိခဲ့သဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်မဟာဗျူဟာလေ့လာရေးရုံး၊ ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာန၊ မနုဿဗေဒဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပညာရှင်များပါဝင်သည့် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာအထောက်အထားများလေ့လာရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ၁၉၉၈ ခုနှစ် ဇန်နဝါရီလမှ ၁၉၉၉ ခုနှစ် မတ်လထိ တူးဖော်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခဲ့သည်။ ထိုအဖွဲ့သည် အဆိုပါနေရာတွင် သုံးကြိမ်တိုင်စနစ်တကျအကွက်ချတူးဖော်ခဲ့ရာ မြန်မာ့ကြေးခေတ်ဆိုင်ရာ အထောက်အထားများကို တွေ့ရှိခဲ့သည်။

တူးဖော်မှုပြုလုပ်ခဲ့သည့်နေရာများကို တူးဖော်ခဲ့စဉ်က အနေအထားအတိုင်း တူးကွက်ပြတိုက် (Site Museum) အဆောက်အအုံ ငါးလုံးဆောက်လုပ်၍ ထိန်းသိမ်းထားရှိသဖြင့် ရှေးဟောင်းသုတေသန၊ သမိုင်း၊ မနုဿဗေဒ စသည့်ဘာသာရပ်ဆိုင်ရာ သုတေသီများနှင့်ကျောင်းသားများ လာရောက်လေ့လာလျက်ရှိသည်။ ပြတိုက်အဆောက်အအုံများအတွင်း တူးဖော်တွေ့ရှိခဲ့သည့် ရုပ်ကြွင်းများနှင့် အိုးများကို အလူမီနီယံမှန်ပုံး ၅၂ လုံးဖြင့် အုပ်ဆိုင်းလျက်ထိန်းသိမ်းစောင့်ရှောက်ထားသည်။

မြန်မာ့ကြေးခေတ်ဆိုင်ရာ အထောက်အထားများကို တူးဖော်တွေ့ရှိပြီးချိန်တွင် အဆိုပါမြေနေရာကို ပိုင်ရှင်ဖြစ်သူ ဦးချစ်လှိုင်က နိုင်ငံတော်သို့ လှူဒါန်းခဲ့သဖြင့် ညောင်ကန် ကြေးခေတ်ယဉ်ကျေးမှုဇုန်အဖြစ် သတ်မှတ်ခဲ့သည်။

ညောင်ကန်မှတူးဖော်တွေ့ရှိခဲ့သည့် ရှေးဟောင်းပစ္စည်းများဖြစ်သည့် မြေဆေးတံနှစ်ခု၊ ကျောက်ကွင်း ၁၂ ခု၊ ကျောက်ကွင်း(တစ်ခြမ်း) လေးခု၊ ကျောက်ကွင်း(အဆန်)နှစ်ခု၊ မြေရုပ်ဒိုးဝိုင်းနှစ်ခု၊ ကျောက်ကွင်းပိတ်နှစ်ခု၊ ကြေးပုဆိန်လေးခု၊ မြေပုတီးစေ့ တစ်ခု၊ ကျောက်လုံး သုံးခု၊ အပေါက်ပါ ကျောက်ပုတီးစေ့ ငါးခု၊ ဆလင်ဒါပုံ ပုတီးစေ့ ၂၃ ခု၊ စလင်းပုတီးကွဲတစ်ခု၊ ခုနစ်လက်မပုတီးစေ့ အရှည်နှစ်ခု၊ ခရုပုတီးစေ့ကြီး ၁၀ ခု၊ ခရုပုတီးစေ့အသေး ၈၈ ခု၊ ကြေးလုံသွား ငါးခု၊ ကြေးမြားသွား ခြောက်ခု၊ ကြေးချောင်း တစ်ခု၊ ကြေးပေါက်ချွန်း တစ်ခု၊ ဒီဇိုင်းပါ အိုးခြမ်းကွဲ ၂၃ ခု၊ ခဲပြားလိပ် ရှစ်ခု၊ အမင်းပါ ကြေးပဲခွပ် နှစ်ခု၊ ကျောက်လက်နက် တစ်ခု၊ အိုး ရှစ်လုံး၊ အုတ်ခဲ ငါးခု၊ မြေဆီမီးခွက် သုံးခု၊ ဒီဇိုင်းပါ အရိုးအိုးခြမ်းကွဲ ငါးခု၊ အခြယ်ပါသော အိုးခြမ်းပဲ့ အပိုင်းအစ တစ်ထုပ်နှင့် အခြယ်မပါသော အိုးခြမ်းပဲ့အပိုင်းအစတစ်ထုပ်တို့ကို အမျိုးသားပြတိုက်တွင် ထိန်းသိမ်းပြသနိုင်ရန် ၁၉၉၈ ခုနှစ် မတ် ၂၂ ရက်က ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ရုပ်ကြွင်းများနှင့်အတူရှိနေသည့် အိုးများနှင့် အချို့သောကျောက်ကွင်းများ၊ ကျောက်လက်နက်များကို မူလနေရာမှာပင် ထိန်းသိမ်းပြသထားသည်။

**ကြေးခေတ် မြှုပ်နှံမှုဓလေ့**

ညောင်ကန်တွင် တူးဖော်တွေ့ရှိခဲ့သည့် လူရုပ်အလောင်းအများစုကို မြောက်အရပ်သို့ ဦးခေါင်းထားကာ မြှုပ်နှံခဲ့ပြီး တောင်အရပ်သို့ ခေါင်းပြုမြှုပ်နှံထားသည့် ရုပ်အလောင်းနှစ်ခုကိုလည်း တွေ့ရှိနိုင်သည်။ ရုပ်ကြွင်းအများစုသည် ပက်လက်အနေအထားရှိနေကြပြီး အရပ် သုံးပေမှ ငါးပေ ရှစ်လက်မထိ ရှိကြသည်။ ဘေးစောင်းမြှုပ်နှံထားမှုနှင့် အထက်အောက်ထပ်လျက်မြှုပ်နှံထားသော ရုပ်ကြွင်းတချို့ကိုလည်း တွေ့မြင်နိုင်သည်။

တူးကွက်အမှတ်(SE 15)တွင် အိုးကြီးတစ်လုံးအတွင်း ထည့်သွင်းမြှုပ်နှံထားသည့် လူဦးခေါင်းခွံတစ်ခုနှင့် လက်မောင်းရိုးတစ်ခု၊ အရွယ်စုံအိုးများ၊ တိရစ္ဆာန်အရိုးများတွေ့ရှိရသည်။ မူလမြှုပ်နှံမှုသည် လူနှင့်တိရစ္ဆာန်အရိုးများသာဖြစ်ပြီး ထိုနေရာမှပင် ဒုတိယမြှုပ်နှံမှုတစ်ခုပြုလုပ်ခဲ့သည်ဟု ပညာရှင်များက ယူဆကြသည်။ တူးဖော်မှုအမှတ်(SE 5)တွင် လူရုပ်ကြွင်းနှင့်အတူ နွားနှင့် ခွေးခေါင်းခွံ၊ တိရစ္ဆာန်ခွာတစ်ခုကို တွေ့ရှိခဲ့သည်။

တူးဖော်ခဲ့သောတစ်နေရာတွင် အမျိုးသားရုပ်ကြွင်းတစ်ခု၊ အမျိုးသမီးရုပ်ကြွင်းတစ်ခုနှင့် ကလေးရုပ်ကြွင်းတစ်ခုတို့ကို တစ်နေရာတည်းတွေ့ရသည်။(ရုပ်ကြွင်းများအား တင်ပါးဆုံကွင်းကိုကြည့်၍ အမျိုးသား၊ အမျိုးသမီး ခွဲခြားနိုင်သည်။) ၎င်းရုပ်ကြွင်းများနှင့်အတူ အရွယ်စုံအိုးများနှင့် ကြေးမြားခေါင်းတစ်ခုကိုလည်း တွေ့ရှိရသည်။ တူးကွက်အမှတ်(SE 2)တွင်လည်း ရုပ်ကြွင်းနှစ်ခုကို ဘေးချင်းယှဉ်လျက်မြှုပ်နှံထားသည်။ ထိုသို့မြှုပ်နှံခြင်းသည် ထိုသူများမှာ တစ်ပြိုင်တည်း သေဆုံးခြင်းဖြစ်နိုင်သကဲ့သို့ မသေဆုံးမီက အတူနေထိုင်ခဲ့ကြသည့်မိသားစုဝင်များကို ကွယ်လွန်ချိန်တွင်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# မိုးကာလဖြစ်သော်လည်း ရောဝတီတိုင်းဒေသကြီးရှိ ချောင်းသာကမ်းခြေသို့ နေ့စဉ် ခရီးသွားဝင်ရောက်မှုများရှိနေ

**ပုသိမ် ဇူလိုင် ၁၈**

မိုးကာလသို့ ရောက်ရှိနေပြီဖြစ်သော်လည်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ချောင်းသာကမ်းခြေသို့ နေ့စဉ်ခရီးသွားဝင်ရောက်မှုများရှိနေကြောင်း မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ဧရာဝတီတိုင်းဒေသကြီး) ဗဟိုအလုပ်အမှုဆောင် ဦးအောင်ကျော်မိုးက ပြောပြ၍ သိရသည်။



မိုးကာလသို့ရောက်ရှိနေပြီဖြစ်သော်လည်း ချောင်းသာကမ်းခြေသို့ ဧည့်သည်ဝင်ရောက်မှု နေ့စဉ်ရာဂဏန်းရှိနေပြီး အများပြည်သူ ရုံးပိတ်ရက်များတွင် ဦးရေ ၁၀၀၀ ကျော်ရှိနေကြောင်း၊ ပြည်တွင်းဧည့်ဝင်ရောက်မှုမှာ အများဆုံးဖြစ်ပြီး နိုင်ငံခြားသားခရီးသွားများ ဝင်ရောက်မှုမှာ အနည်းငယ်သာရှိကြောင်း သိရသည်။

"လက်ရှိ မိုးကာလမှာ ခရီးသွားဝင်ရောက်မှုနှုန်းက ကြားရက်တွေဆိုရင် အယောက် ၃၀၀၊ ၄၀၀ ဝင်ရောက်ပါတယ်။ စနေ၊ တနင်္ဂနွေလို အများပြည်သူရုံးပိတ်ရက်တွေဆို အယောက် ၁၀၀၀ ကျော်ဝင်တယ်။ မိုးများပေမဲ့ခရီးသွားတွေက လာနေကြတာပါ။ မိုးရာသီဆိုပေမဲ့လဲ မုန်တိုင်းကာလမှပဲ ခရီးသွားဝင်ရောက်မှုနည်းပါတယ်။ အခုလိုအချိန်တွေက ပုံမှန်လာကြပါတယ်။ တစ်နေ့ တစ်နေ့ ဧည့်သည်စာရင်းကိုကြည့်ရင် နိုင်ငံခြားသားခရီးသွားဧည့်သည်က နှစ်ယောက်၊ သုံးယောက်၊ ငါးယောက် အဲဒီလိုပဲရှိတယ်။ တရုတ်တို့၊ ကိုရီးယားတို့ပဲ တွေ့ရတယ်။ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးက ခရီးသွားတွေ လာတာများပါတယ်"ဟု ဦးအောင်ကျော်မိုးက ပြောပြသည်။

မိုးကာလတွင် ခရီးသွားများ ပုံမှန်ရှိနေသည့်အတွက် ခရီးသွားများ အန္တရာယ်မရှိစေရန် ကမ်းခြေတွင် Safe Water Line သတ်မှတ်ပေးထားသည့်အပြင် ရေပြင်အသက်ကယ်အဖွဲ့ကိုလည်း ထားရှိကာ စောင့်ကြပ်ကြည့်ရှုပေးနေကြောင်း သိရသည်။

ထို့ပြင် ကမ်းခြေတစ်လျှောက် သန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် ဌာနဆိုင်ရာများ၊ ဟိုတယ်ဝန်ထမ်းများ၊ ကျေးရွာနေပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ASH

➤ စာမျက်နှာ ၄ မှအဆက်

တစ်နေရာတည်း၌ မြှုပ်နှံသည့်ဓလေ့လည်းဖြစ်နိုင်ကြောင်း ပညာရှင်များက ကောက်ချက်ချကြသည်။

အချို့သော ရုပ်ကြွင်းများ၏လက်တွင် ကြေးလက်နက်ပစ္စည်းများ ကိုင်တွယ်ထားသည်ကိုတွေ့ရှိရသဖြင့် အသက်ရှိစဉ်က ၎င်းတို့ကိုင်တွယ်သုံးစွဲခဲ့သည့်ပစ္စည်းကို ကွယ်လွန်ချိန်တွင် ထည့်သွင်းမြှုပ်နှံပေးခြင်းဖြစ်နိုင်သည်။ ရုပ်ကြွင်းများနှင့်အတူ အရွယ်မျိုးစုံ မြေပုတီးစေ့၊ ကျောက်ပုတီးစေ့နှင့် ခရုခွံပုတီးစေ့များကို ရုပ်ကြွင်းများ၏ လည်တိုင်နှင့် လက်ကောက်ဝတ်အနီးတွင် တွေ့ရှိရသဖြင့် မသေဆုံးမီက ဝတ်ဆင်ခဲ့သည့် အဆင်တန်ဆာပစ္စည်းများဖြစ်နိုင်ကြောင်း သုံးသပ်နိုင်ပေသည်။

အချို့သောအရိုးစုများတွင် ပုံသဏ္ဍာန်နှင့် အရွယ်အမျိုးမျိုးရှိသည့် ကျောက်ကွင်းများကို လည်တိုင်နှင့် လက်ကောက်ဝတ်နေရာများတွင် တွေ့ရှိရသည်။ ကျောက်ကွင်းများသည် မကွယ်လွန်မီကတည်းက ဝတ်ဆင်ခဲ့ခြင်းဖြစ်နိုင်သကဲ့သို့ ကွယ်လွန်ချိန်တွင် ရာထူးအဆင့်အတန်းအားလျော်စွာ ဝတ်ဆင်ပေးခြင်းလည်းဖြစ်နိုင်ကြောင်း ယူဆခဲ့ကြသည်။

ကြေးခေတ် သင်္ချိုင်းမြှုပ်နှံမှုများတွင် လူများနှင့်အတူ ဆီမီးခွက်များ၊ မြေပန်းကန်များ၊ ကြိုးပေါက်ရာပါသောအိုးများကို ထည့်သွင်းမြှုပ်နှံခဲ့ကြသည်။ အိုးအကြီးထဲတွင် အိုးအသေးများကို ထည့်သွင်းမြှုပ်နှံထားသည်မှာလည်း ထူးခြားချက်တစ်ရပ်ဖြစ်သည်။

ရှေးဟောင်းသုတေသနနှင့် မနုဿဗေဒပညာရှင်များ၏ ကြိုးပမ်းမှုများကြောင့် မြန်မာ့ကြေးခေတ်ယဉ်ကျေးမှုတစ်စိတ်တစ်ဒေသကို ပုံဖော်နိုင်ခဲ့သည်။ မြန်မာ့ကြေးခေတ်၏သက်တမ်းကို ပြဋ္ဌာန်းပေးနိုင်ရန် ဆက်စပ်တူညီသောအကြောင်းအချက်များဖြင့် သက်တမ်းခန့်မှန်း(Relative Dating) ရာတွင် မြန်မာ့ကြေးခေတ်သည် လွန်ခဲ့သောနှစ် ၃၀၀၀ (ဘီစီ ၉၀၀ မှ ဘီစီ ၆၀၀)အတွင်း ထွန်းကားနိုင်ခဲ့ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့ကြသည်။ မြန်မာနိုင်ငံနှင့်ခေတ်ပြိုင် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံမှ ကြေးခေတ်များနှင့် နှိုင်းယှဉ်လေ့လာရာတွင် ညောင်ကန်ကြေးခေတ်နယ်မြေသည် ကြေးခေတ်နောက်ပိုင်းအဆင့်ဖြစ်ကြောင်း သမိုင်းသုတေသနပညာရှင် ဦးစိန်မြင့်က ထောက်ပြခဲ့ပေသည်။

ဘုတလင်မြို့နယ်သည် ကြေးခေတ်ယဉ်ကျေးမှုထွန်းကားခဲ့သည့်နေရာနှင့် စိမ်းပြာရေညိုထုတ်လုပ်သည့် တွင်းတောင်ရှိသည့် ဒေသတစ်ခုအဖြစ် ထင်ရှားကျော်ကြားလာခဲ့သည်။ မြန်မာ့ကြေးခေတ်၊ သံခေတ်သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဘုတလင်မြို့နယ်သည် မြန်မာ့ခေတ်ဟောင်းသမိုင်းကို ဖော်ထုတ်ပေးနိုင်မည့်နေရာများတွင် တစ်ခုအပါအဝင်ဖြစ်လာခဲ့ပေသည်။

**ကိုးကား**


- **ဘုတလင်မြို့နယ်၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာအထောက်အထားများလေ့လာရေးအဖွဲ့၏ တွေ့ရှိချက်စာတမ်းများ၊ (ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာန**
- **မြန်မာ့သတ္တုခေတ်ကာလ ကြေးခေတ်၊ သံခေတ်သမိုင်း (ဦးစိန်မြင့်)**
- **Proceeding of the Workshop on Bronze Age Culture in Myanmar (UHRC)**


## အလေးပြုပါသည် အာဇာနည်

\- ကိုးဦးအမည် ဇာနည်ဖွားတို့
ကြွေလွင့်သွား လဇူလိုင်၊
ဖွဲဖွဲရွာ စနေမိုး
သွန်းဖြိုးအပြိုင်၊
ပြည်သူများ အသည်းစိုင်
မမေ့နိုင် ထိုနေ့ရက်၊
မျက်ဝန်းအိမ် မျက်ရည်စနဲ့
လွမ်းရမပျက်။

\- သူယုတ်မာ လုပ်ကြံရက်မို့
ကျည်ဆန်ချက် ထိမှန်ပေ၊
ဗိုလ်ချုပ်အပါ ကိုးဦးပဲ
မှောက်လဲကျနေ၊
သွေးစွန်းလျက် အသက်ကြွေ
ပြည်သူတွေ ရင်ကွဲအက်၊
ဆယ့်ကိုးဆို ဇူလိုင်လတဲ့
တသလွမ်းလျက်။

\- ပြည်ရေးဆို ဘယ်မပျက်လို့
ပေးအသက် ကိုးဦးဇာနည်၊
သမိုင်းတွင် ထင်ကျန်ရစ်
မျိုးချစ်စစ်သည်၊
ကြီးမားလှတဲ့ မြတ်ဂုဏ်ရည်
ငါတို့ပြည်သူပြည်သား၊
အခါခါဦးညွှတ်ပေးလို့
(အိုကွယ်)
အလေးပြုထား။ ။

**ဧရာမ်းရွာကျောင်းအိုသား**

# လယ်ဝေးမြို့နယ် လက်ပန်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇူလိုင် ၁၈**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ကျွန်းကျေးရွာအုပ်စု လက်ပန်တန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရက လက်ပန်တန်းကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၆၅ ဒသမ ၉၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၅ ဒသမ ၉၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရိုးသန်းဥာဏ်**

# SCIENCE AND TECHNOLOGY

## အနိမ့်လွန်ကမ္ဘာပတ်လမ်းပေါ်တွင်နေရာယူမည့် ဂြိုဟ်တုအုပ်စုတစ်စု တရုတ်အမျိုးသားအာကာသအေဂျင်စီ လွှတ်တင်မည်



**ပေကျင်း ဇူလိုင် ၁၈**

အနိမ့်လွန် ကမ္ဘာပတ်လမ်း (Ultra Low Orbit) ပေါ်တွင် နေရာယူမည့် ဂြိုဟ်တုအုပ်စုတစ်စုကို တရုတ်အမျိုးသား အာကာသ အေဂျင်စီက လွှတ်တင်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဇူလိုင် ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

အနိမ့်လွန်ပတ်လမ်း ဂြိုဟ်တုအုပ်စု တည်ဆောက်ရေးအစီအစဉ်ကို တရုတ်အမျိုးသားအာကာသ အေဂျင်စီက ကိုးကြိမ်မြောက် တရုတ်အမျိုးသားအာကာသ နည်းပညာ ဖိုရမ်၌ အတည်ပြုကြေညာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အနိမ့်လွန်ပတ်လမ်း ဂြိုဟ်တုအုပ်စု၏ ပထမဆုံးဂြိုဟ်တုကို ယခုနှစ် ဒီဇင်ဘာလတွင် စတင်လွှတ်တင်ရန် တရုတ်အမျိုးသားအာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အနိမ့်လွန်ကမ္ဘာပတ်လမ်းသည် ကမ္ဘာမြေအထက်အမြင့် ကီလိုမီတာ ၃၀၀ အောက်တွင်တည်ရှိသော ပတ်လမ်းဖြစ်ကြောင်း သိရသည်။

အနိမ့်လွန်ကမ္ဘာပတ်လမ်းပေါ်ရှိ ဂြိုဟ်တုများသည် လေထုပွတ်ဆွဲအားမြင့်မားမှုပြဿနာဖြင့် ရင်ဆိုင်ရတတ်သော်လည်း ကမ္ဘာမြေကို လေ့လာရာတွင် အနီးကပ်လေ့လာခွင့်ရမည်ဖြစ်သည်။

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် အနိမ့်လွန်ပတ်လမ်း ဂြိုဟ်တုကိုးစင်းပါဝင်သည့် ဂြိုဟ်တုအုပ်စုကို ၂၀၂၄ ခုနှစ်တွင် အပြီးသတ်လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO

# HEALTH

## လူမှုရေးအရ အထီးကျန်နေသူများ၌ ဦးနှောက်အရွယ်အစား ကျုံ့ဝင်သွားနိုင်ဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၁၈**

လူမှုရေးအရ အထီးကျန်နေသည့် သက်ကြီးပိုင်းများတွင် ဦးနှောက်အရွယ်အစား ကျုံ့ဝင်သွားနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

လူမှုဆက်ဆံရေး နည်းပါးမှုသည် သက်ကြီးပိုင်းများ၌ Dementia ဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့်ဆက်စပ်နေကြောင်း ရှေးယခင်ကပင် နိုင်ငံတကာ သုတေသနပညာရှင်များက တင်ပြခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ လူမှုဆက်ဆံရေး ကင်းမဲ့မှု၏ ဦးနှောက်အပေါ် အကျိုးသက်ရောက်မှုကို လေ့လာရေးအတွက် ဂျပန်နိုင်ငံ ကျူးရှူးတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် ၆၅ နှစ်နှင့်အထက် လူဦးရေ ၈၈၀၀ ကျော်၏ ဦးနှောက်ဓာတ်မှန်များကို လေ့လာခဲ့ကြသည်။

လေ့လာမှုမှ ထွက်ပေါ်လာသောရလဒ်များအရ လူမှုဆက်ဆံရေးအနည်းဆုံးရှိသူ သက်ကြီးပိုင်းများ၏ ဦးနှောက်အရွယ်အစားသည် လူမှုဆက်ဆံရေးအမြင့်ဆုံး သက်ကြီးပိုင်းများနှင့်နှိုင်းယှဉ်ပါက သိသိသာသာ သေးငယ်နေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါ လေ့လာတွေ့ရှိချက်များအရ လူမှုဆက်ဆံရေးကင်းမဲ့မှုသည် အသက်ရလာချိန်၌ ဦးနှောက်အရွယ်အစား ကျုံ့ဝင်မှုအရှိန်ကို မြန်ဆန်စေနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် လူမှုဆက်ဆံရေးနည်းပါးသူ သက်ကြီးပိုင်းများတွင် မှတ်ဉာဏ်နှင့် သက်ဆိုင်သည့် ဦးနှောက်နယ်မြေများ၌ တစ်ရှူးပမာဏ ပုံမှန်ထက်နည်းပါးနေသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO

## မက်ဆာကုမ္ပဏီ၏ Threads အပလီကေးရှင်းက စထွက်ပြီးပထမရက်သတ္တပတ်အတွင်း အသုံးပြုသူဦးရေ ၉၈ သန်းထိရှိလာ

**ဝါရှင်တန် ဇူလိုင် ၁၈**

မက်ဆာကုမ္ပဏီ၏ Threads လူမှုမီဒီယာ အပလီကေးရှင်းသည် စထွက်ပြီးပထမရက်သတ္တပတ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ အသုံးပြုသူဦးရေ ၉၈ သန်းထိရှိလာကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

Threads လူမှုမီဒီယာအပလီကေးရှင်းကို အပတ်စဉ်သုံးစွဲသူ အရေအတွက်သည် တွစ်တာအပလီကေးရှင်းကို အပတ်စဉ်ပုံမှန် သုံးစွဲနေသူစုစုပေါင်း၏ သုံးပုံတစ်ပုံထိရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ တွစ်တာစာမျက်နှာကို အပတ်စဉ်သုံးစွဲသူ အရေအတွက်မှာ ၃၅၃ သန်းရှိကြောင်း သိရသည်။

Threads အပလီကေးရှင်းသည် စတင်ထွက်ရှိခဲ့ပြီး ခြောက်ရက်မြောက်အကြာမှာပင် ဒေါင်းလုပ်ဆွဲယူသူ သန်း ၁၅၀ ထိ ရှိခဲ့ရာ အချိန်တိုအတွင်း ဒေါင်းလုပ်ဆွဲယူခံရမှုအများဆုံး အပလီကေးရှင်းအဖြစ်လည်း စံချိန်တင်ခဲ့ကြောင်း သိရသည်။




ဖေ့စ်ဘွတ်လူမှုမီဒီယာအပလီကေးရှင်းကို ဖန်တီးထားသော မက်ဆာကုမ္ပဏီသည် Threads အပလီကေးရှင်းကို ယခုလအစောပိုင်းက စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မက်ဆာကုမ္ပဏီသည် ယခုနှစ် ဇူလိုင် ၆ ရက်တွင် Threads အပလီကေးရှင်းကို ပထမဆုံးမိတ်ဆက်ခဲ့ရာ နာရီအနည်းငယ်အတွင်းမှာပင် သုံးစွဲသူ ၁၀ သန်းထိရှိခဲ့ကြောင်း သိရသည်။

KKO

## အမြင်အာရုံထိခိုက်ပျက်စီးမှုပြဿနာရှိသူများတွင် Dementia ဖြစ်နိုင်ခြေ မြင့်မားနေနိုင်

**နယူးယောက် ဇူလိုင် ၁၈**

အမြင်အာရုံ ထိခိုက်ပျက်စီးမှုပြဿနာများကို ကုသခြင်းမရှိသူများတွင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ ပုံမှန်ထက်ပို၍ မြင့်မားနေနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ မစ်ချီဂန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အမြင်အာရုံ ထိခိုက်ပျက်စီးမှုပုံစံမှန်သမျှသည် Dementia ရောဂါများ ဖြစ်ပွားနိုင်ခြေနှင့် ဆက်စပ်နေကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အမြင်အာရုံဆိုင်ရာပြဿနာမျိုးစုံလေလေ Dementia ဖြစ်နိုင်ခြေလည်း ပို၍မြင့်တက်လာနိုင်လေလေဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၇၁ နှစ်နှင့်အထက် လူဦးရေ ၂၉၀၀ ကျော်၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

လေ့လာမှုမှ ထွက်ပေါ်လာသောရလဒ်များအရ မျက်လုံးကျန်းမာရေးနှင့် ဦးနှောက်ကျန်းမာရေးကြားတွင် အပြန်အလှန်ဆက်စပ်မှုရှိနေသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် မျက်လုံးကျန်းမာရေးနှင့် ဦးနှောက်ကျန်းမာရေးတို့ကြားတွင် ဆက်စပ်မှုရှိသော်လည်း အမြင်အာရုံပြဿနာအများစုမှာ ကုသ၍ရနိုင်သည်ဖြစ်ရာ Dementia ဖြစ်နိုင်ခြေကို အမြင်အာရုံပြဿနာများကုသခြင်းဖြင့် လျှော့ချနိုင်ဖွယ်ရှိကြောင်း သိရသည်။

KKO



## ဗားဂျင်းဂလက်စတစ်ကုမ္ပဏီက အာကာသခရီးသည်ခြောက်ဦးကို ဩဂုတ်လအတွင်း အာကာသဟင်းလင်းပြင်အနားစပ်သို့ ပို့ဆောင်ပေးမည်

**ဝါရှင်တန် ဇူလိုင် ၁၈**

အမေရိကန်နိုင်ငံအခြေစိုက် ဗားဂျင်းဂလက်စတစ်ကုမ္ပဏီသည် ဩဂုတ်လအတွင်း အာကာသခရီးသည်ခြောက်ဦးကို အာကာသ ဟင်းလင်းပြင်အနားစပ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

ဂလက်စတစ်-၀၂ ဟူ၍ အမည်ပေးထားသည့် အဆိုပါမစ်ရှင်ကို နယူးမက္ကဆီကိုပြည်နယ်မှတစ်ဆင့် ဩဂုတ် ၁၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

မိနစ် ၉၀ ကြာ မစ်ရှင်အတွင်း ဂလက်စတစ်-၀၂ အာကာသယာဉ်သည် အာကာသခရီးသည်ခြောက်ဦးကို ကမ္ဘာမြေပြင်အထက် မိုင် ၅၀ တွင်ရှိသော အာကာသဟင်းလင်းပြင်အနားစပ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် ဗားဂျင်းဂလက်စတစ်ကုမ္ပဏီအတွက် ဒုတိယမြောက် ပုဂ္ဂလိကအာကာသခရီးစဉ်ဖြစ်သည်။

ဗားဂျင်းဂလက်စတစ်ကုမ္ပဏီသည် ပြီးခဲ့သည့်ဇွန်လက ၎င်း၏ ပထမဆုံး ပုဂ္ဂလိကအာကာသခရီးစဉ်အဖြစ် ခရီးသည်လေးဦးလိုက်ပါသွားသော ဂလက်စတစ်-၀၁ အာကာသယာဉ်ကို အောင်မြင်စွာ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဗားဂျင်းဂလက်စတစ်၏ ဂလက်စတစ်-၀၂ မစ်ရှင်၌ လိုက်ပါသွားသူများအနေဖြင့် တစ်ဦးလျှင် နေရာတစ်နေရာအတွက် အမေရိကန်ဒေါ်လာ ၄၅၀၀၀၀ ထိ ပေးဆောင်ရဖွယ်ရှိကြောင်း သိရသည်။

KKO

## နိုင်ငံတကာ အားကစားသတင်းများ

# မန်ယူအသင်းမှ ထွက်ခွာမည်မဟုတ်ဟု ဘရူနိုဖာနန်ဒက် ပြောကြား

**မန်ချက်စတာ ဇူလိုင် ၁၈**

မန်ယူအသင်းတွင် ခြေစွမ်းပြကစားနေသည့် ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ကို ဆော်ဒီကလပ်အသင်းနှစ်သင်းက ခေါ်ယူရန် ကမ်းလှမ်းမှုများရှိခဲ့သော်လည်း ကစားသမားအနေဖြင့် ငြင်းဆိုခဲ့ပြီး မန်ယူအသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘရူနိုဖာနန်ဒက်သည် မန်ယူအသင်းနှင့်လာမည့် ၂၀၂၆ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ကစားသမားအနေဖြင့် နည်းပြတန်ဟက်လက်အောက်တွင်အဓိက ကစားသမားအဖြစ်ပါဝင်၍ ပြိုင်ပွဲစုံ ၅၉ ပွဲတွင် သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ထိပြုလုပ်နိုင်ခဲ့ကာ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ဆော်ဒီကလပ်အသင်း နှစ်သင်းက မြင့်မားသည့်လုပ်ခလစာဖြင့်ခေါ်ယူရန်ကမ်းလှမ်းခဲ့ရာ ကစားသမားအနေဖြင့် ငြင်းဆိုခဲ့သည်။

လက်ရှိတွင် မန်ယူအသင်းသည် ခံစစ်ကစားသမား မက်ဂွဲယားကို အသင်းခေါင်းဆောင်ရာထူးမှ ဖယ်ရှားခဲ့ပြီး ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၃၅ သန်းခန့်ဖြင့်ရောင်းချရန်ပြင်ဆင်နေသကဲ့သို့ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ကို အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ရန် စီစဉ်လျက်ရှိသည်။

အသက် ၂၈ နှစ်ရှိ ဘရူနိုဖာနန်ဒက်သည် ၂၀၂၀ ပြည့်နှစ်က စပို့တင်းလစ္စဘွန်းအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် အမြန်ဆုံးအထိုင်ကျခဲ့သဖြင့် အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိခဲ့သူဖြစ်ပြီး ပြိုင်ပွဲစုံ ၁၈၅ ပွဲထိ ပါဝင်ခွင့်ရရှိခဲ့ကာ သွင်းဂိုး ၆၄ ဂိုးထိ သွင်းယူနိုင်ခဲ့သကဲ့သို့ ၂၀၂၀ ပြည့်နှစ်တွင် မန်ယူအသင်းတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကိုရရှိခဲ့သည့်အပြင် ယခုနှစ်တွင်လည်း အသင်းနှင့်အတူ ကာရာဘောင်းဖလားတစ်လုံး ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ML



## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက ကစားသမားဟောင်း ဂျွန်နီအီဗန်ကို ကာလတိုစာချုပ်ဖြင့် ပြန်လည်ခေါ်ယူခဲ့ကြောင်းသိရသည်။
- ဆော်ဒီကလပ် အယ်နာဆာအသင်းက လန်းအသင်းကွင်းလယ်ကစားသမား ဆက်ကိုဖိုဖန်နာကို ပြောင်းရွှေ့ကြေးယူရို ၂၅ သန်းဖြင့် သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းက ကင်မစ်ဂျေးကို ယူရို သန်း ၅၀ ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။
- ကစားသမားသစ်မှတ်ပုံတင်ရန်နှင့်စာချုပ်သက်တမ်းတိုးခြင်းများပြုလုပ်ရန်အတွက် ယူရို သန်း ၆၀ ခန့် လိုအပ်နေကြောင်း ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့သည်။
- စကော့တလန်ကလပ် ရိန်းဂျားအသင်းနှင့်ကစားမည့်ခြေစမ်းပွဲစဉ်တွင် စိန့်မက်ဆီမန် ပါဝင်ခြင်းမရှိကြောင်း နယူးကာဆယ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။ ML

# ၂၀၂၄ ယူရိုပြိုင်ပွဲတွင် ပေါ်တူဂီအသင်းအတွက် ပါဝင်ကစားသွားမည်ဟု တိုက်စစ်မှူးစီရော်နယ်ဒို အတည်ပြုပြောကြား




**လစ္စဘွန်း ဇူလိုင် ၁၈**

ပေါ်တူဂီအသင်းအတွက် ပြိုင်ပွဲစုံပွဲ ၂၀၀ ကစားခဲ့သည့် တိုက်စစ်မှူးစီရော်နယ်ဒိုက လာမည့် ၂၀၂၄ ယူရိုပြိုင်ပွဲတွင် အသင်းအတွက် ပါဝင်ကစားရန် စီစဉ်ထားသည်ဟု ပြောကြားခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၈ နှစ်ရှိ တိုက်စစ်မှူးစီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းအတွက် ပြိုင်ပွဲစုံ ပွဲ ၂၀၀ ကစားခဲ့ရာတွင် သွင်းဂိုး ၁၂၃ ဂိုးထိ သွင်းယူထားပြီး နိုင်ငံအသင်းနှင့် ပွဲအများဆုံး၊ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်ပြီး လာမည့် ၂၀၂၄ ယူရိုပြိုင်ပွဲတွင် ပါဝင်ကစားနိုင်ရန် အာရုံစိုက်ထားပြီး အောင်မြင်မှုရရှိရန် ပစ်မှတ်ထားနေသည်ဟု ထုတ်ဖော်ပြောကြား ခဲ့ကြောင်း သိရသည်။

စီရော်နယ်ဒိုက "ကျွန်တော်ကတော့အောင်မြင်မှုတွေ ဘယ်လိုရယူမလဲဆိုတာ အမြဲတမ်းတွေးနေတာပါ။ ဘဝက အောင်မြင်မှုရဖို့ အခြေအနေနဲ့ ပုံစံကောင်းတွေမရှိတော့ဘူးဆိုရင် သေဆုံးသွားသလိုပါပဲ။ ကျွန်တော့်အနေနဲ့ လက်ရှိအချိန်ထိ မှတ်တမ်းကောင်းတွေကို ဘယ်လိုရယူခဲ့တယ်ဆိုတာ လုပ်ပြနိုင်ခဲ့ပြီးပါပြီ။ ကျွန်တော် ကစားသမားဘဝ ၂၁ နှစ်တာကာလမှာ ပါဝင်ရတဲ့ပွဲတိုင်းမှာသွင်းဂိုးတွေ၊ ဂိုးဖန်တီးမှုတွေရရှိအောင် ကြိုးတင်ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ လာမဲ့ယူရို ၂၀၂၄ ပြိုင်ပွဲမှာလဲ ကျွန်တော် အကောင်းဆုံးလုပ်နိုင်မယ်လို့ခံစားမိနေတုန်းပါပဲ။ ကျွန်တော်အကြိုက်ဆုံးကတော့ ဘောလုံးကစားနေရတာကို အနှစ်သက်ဆုံးပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# နည်းပြဆမ်ပါအိုလီကြောင့် ဖလာမင်ဂိုအသင်းမှ ထွက်ခွာခဲ့သည်ဟု ကွင်းလယ်ကစားသမားဗီဒယ် ဝေဖန်ပြောကြား

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၈**

ဘရာဇီးစီးရီးအေကလပ် ပါရာနန်စီအသင်းတွင် ကစားနေသည့် ကွင်းလယ်ကစားသမား ဗီဒယ်က ဖလာမင်ဂိုအသင်းမှ နည်းပြဆမ်ပါအိုလီကြောင့် ထွက်ခွာခဲ့ရသည်ဟု ဝေဖန်ပြောကြားခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗီဒယ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက စီးရီးအေကလပ် အင်တာမီလန်အသင်းမှ ဖလာမင်ဂိုအသင်းသို့ တစ်နှစ်စာချုပ်ဖြင့်ပြောင်းရွှေ့ရောက်ရှိခဲ့ရာ ပြိုင်ပွဲစုံ ၅၂ ပွဲပါဝင်ကစားခဲ့ရပြီးသွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်းနည်းပြဆမ်ပါအိုလီရောက်ရှိပြီးနောက်ပိုင်းပွဲကစားချိန်နည်းပါးခဲ့သဖြင့်ပုံစံကောင်းပျောက်ဆုံးခဲ့ပြီးအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးရန် ငါးလအလိုတွင် နှစ်ဖက်သဘောတူလမ်းခွဲခဲ့သည်။

လက်ရှိတွင် ဗီဒယ်သည် ဖလာမင်ဂိုအသင်းနှင့် ပြိုင်ဘက် ပါရာနန်စီအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ဘာဟီယာအသင်းနှင့် ပွဲစဉ်တွင် လူစားဝင်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ကာ အသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိအောင် ပါဝင်ကူညီနိုင်ခဲ့ပြီးနောက် ၎င်းသည် ဖလာမင်ဂိုအသင်းတွင် နည်းပြဆမ်ပါအိုလီကြောင့် ခြေစွမ်းပြသနိုင်ရန်ရုန်းကန်ခဲ့ရကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။

ဗီဒယ်က "ကျွန်တော်ကတော့ ဘောလုံးကစားဖို့အတွက် အမြဲအသင့်ရှိနေသူပါ။ ဒါပေမဲ့ ဖလာမင်ဂိုအသင်းမှာတော့ နည်းပြဆမ်ပါအိုလီကြောင့် အခက်အခဲတွေကြုံတွေ့ခဲ့ရပါတယ်။ သူက ကစားသမားတွေကို ဘယ်လိုအသုံးချရမလဲဆိုတာကို မသိပါဘူး။ဒါကြောင့် ဆမ်ပါအိုလီဟာကျရှုံးမဲ့ နည်းပြတစ်ဦးပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML


# ကန်နဲလိုအယ်ဗာရက်ကို လက်ရှိချန်ပီယံဆုကာကွယ်မည့်ညွှန်ကြားချက် ၂၀၂၄ ခုနှစ် မေလထိ ထုတ်ပြန်မည်မဟုတ်ဟု WBC ပြောကြား

**မက္ကဆီကိုစီးတီး ဇူလိုင် ၁၈**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင်အခြေစိုက်သည့် ကမ္ဘာ့လက်ဝှေ့ကော်မရှင် (WBC)က ၂၀၂၄ ခုနှစ် မေလထိWBC စူပါမစ်ဒယ်ဝိတ်တန်း လက်ရှိချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုအယ်ဗာရက်ကို လက်ရှိချန်ပီယံ ကာကွယ်ရန် ညွှန်ကြားချက် ထုတ်ပြန်သွားမည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကန်နဲလိုအယ်ဗာရက်သည် WBC စူပါမစ်ဒယ်ဝိတ်တန်း လက်ရှိချန်ပီယံဆုကို ယာယီချန်ပီယံဖြစ်သည့် အမေရိကန်လက်ဝှေ့သမား ဘန်နာဗီဒက်နှင့် ထိုးသတ်ကာကွယ်ရမည်ဖြစ်ပြီး လက်ဝှေ့လောက၏ စည်းမျဉ်းစည်းကမ်းများအရ လက်ရှိချန်ပီယံ လက်ဝှေ့သမားများသည် လက်ရှိချန်ပီယံဆုကို တစ်နှစ်လျှင်တစ်ကြိမ် မဖြစ်မနေကာကွယ်ပွဲထိုးသတ်သွားရမည်ဖြစ်သော်လည်း WBC က ကန်နဲလိုအယ်ဗာရက်ကို အထူးအခွင့်အရေးပေးအပ်သွားရန် ဆုံးဖြတ်ခဲ့သည်။

၂၀၂၄ ခုနှစ် မေလထိ လက်ရှိချန်ပီယံဆုကို ကာကွယ်ထိုးသတ်သွားရမည် မဟုတ်သည့်အတွက် ကန်နဲလိုအယ်ဗာရက် အနေဖြင့် လက်ရှိ ချန်ပီယံကို နှစ်နှစ်ထိ ထိုးသတ် ကာကွယ်ခြင်းမရှိသည့် လက်ဝှေ့သမား ဖြစ်လာမည်ဖြစ်သည်။



WBC ဥက္ကဋ္ဌ ဆူလိုင်မန်းက "ဘန်နာဗီဒက်ဟာ ပြီးခဲ့တဲ့ မတ်လက ကာလက်ပလန့်နဲ့ ထိုးသတ်ခဲ့တယ်။ ဒါကြောင့် သူ့အနေနဲ့ နောက်ထပ်စိန်ခေါ်ပွဲကို ၂၀၂၄ ခုနှစ် မတ်လထိစောင့်လို့ရတဲ့အခြေအနေဖြစ်ပါတယ်။ ကန်နဲလိုအယ်ဗာရက်ကလဲ ဒီကြားထဲမှာစိန်ခေါ်ပွဲတစ်ပွဲရှိပါတယ်။ ကန်နဲလိုအယ်ဗာရက်က ယာယီချန်ပီယံဖြစ်တဲ့ ဘန်နာဗီဒက်နဲ့မဖြစ်မနေထိုးသတ်သွားရဖို့တော့ရှိပါတယ်။ ဒါပေမဲ့ အခြေအနေအရ WBC အနေနဲ့ ၂၀၂၄ ခုနှစ် မေလမတိုင်ခင်အထိ ကန်နဲလိုအယ်ဗာရက်ကို လက်ရှိချန်ပီယံကာကွယ်ပွဲ ထိုးသတ်ဖို့ ညွှန်ကြားသွားမှာ မဟုတ်ပါဘူး။ ကန်နဲလိုအယ်ဗာရက်ဟာ WBC ချန်ပီယံကာကွယ်ပွဲစဉ်ကို ယာယီချန်ပီယံဖြစ်တဲ့ ဘန်နာဗီဒက်နဲ့ သေချာပေါက် ထိုးသတ်ရမှာဖြစ်တဲ့အတွက် သူတို့အကြားစိန်ခေါ်ပွဲကို အဆင်ပြေတဲ့အချိန်မှာ စီစဉ်နိုင်ပါတယ်။ ကြိုက်တဲ့အချိန် ပွဲစီစဉ်နိုင်တဲ့အတွက် သူတို့နှစ်ဦးအကြား နားလည်မှုရှိရင်ရပါပြီ"ဟုပြောကြားခဲ့ကြောင်း သိရသည်။ AZL

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)တွင် ရန်ကုန်ယူနိုက်တက်အသင်းက GFA အသင်းကို ကိုးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိ



**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့်GFA အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ကိုးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်ယူနိုက်တက်အသင်းသည် GFA အသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့် တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ခြောက်မိနစ်တွင် ဟယ်ဘီလာ၊ ပွဲချိန် ၁၁ မိနစ်တွင် ဆိုင်လာ၊ ပွဲချိန် ၁၆ မိနစ်၊ ၂၆ မိနစ်နှင့် ၃၁မိနစ်တို့တွင် ဗလင်စီယာတို့က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများအသီးသီးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ငါးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းက ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ GFA အသင်းအနေဖြင့် ရန်ကုန်ယူနိုက်တက်အသင်း တိုက်စစ်ပိုင်းကို ထိန်းချုပ်ရန်ခက်ခဲခဲ့ပြီး ပွဲချိန် ၅၈ မိနစ်နှင့် မိနစ် ၇၀ တွင် ဥက္ကာနိုင်၊ ပွဲချိန် ၅၉ မိနစ်တွင် ဗလင်စီယာ၊ ပွဲချိန် ၆၅ မိနစ်တွင် ရန်ကျော်ထွေးတို့က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက GFA အသင်းကို ကိုးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ အဆိုပါပွဲစဉ်အတွက် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုကို သွင်းဂိုး လေးဂိုးသွင်းယူပြီး ခြေစွမ်းပြသနိုင်ခဲ့သည့် ရန်ကုန်ယူနိုက်တက် အသင်းမှ တိုက်စစ်မှူး ဗလင်စီယာက ရရှိခဲ့သည်။

ထို့ပြင် ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ကစားခဲ့သည့် ရတနာပုံအက်ဖ်စီအသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ STA

# (၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှု ပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်တွင် ရန်ကုန်မြို့ MCC ခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးခန်းမ(၃)တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဥပဒေချုပ် ဦးဌေးအောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညီညီနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဥပဒေချုပ် ဦးဌေးအောင်တို့ကအမှာစကားအသီးသီး ပြောကြားခဲ့ပြီးနောက် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ပြိုင်ပွဲနှင့်ပတ်သက်သည့်အချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများကကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ပြီးနောက် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဥပဒေချုပ် ဦးဌေးအောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှအမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲဆက်လက်ကျင်းပ




**နေပြည်တော် ဇူလိုင် ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(အေ)တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပခဲ့သည့်ပွဲစဉ်များကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အားကစားဝါသနာရှင်များတက်ရောက်အားပေးခဲ့ကြသည်။

အမျိုးသား(၆၅)ကီလို အတိုက်ပြိုင်ပွဲတွင် ဟိန်းမင်းဦး(နေပြည်တော်)က ပထမ၊ စောအောင်ဟိန်း(ကရင်)က ဒုတိယ၊ ထွန်းလင်း(မန္တလေး)နှင့် သားငယ်(မွန်)တို့က ပူးတွဲတတိယဆု၊ အမျိုးသမီးကီလို ၆၀ အတိုက်ပြိုင်ပွဲတွင် အိအိမွန်(ချင်း)က ပထမ၊ရွှေရည်ဖူး(မန္တလေး)က ဒုတိယ၊ သော်တာခိုင်(ရေဝတီ)နှင့် ဝင်းသူဇာ(ရှမ်း)တို့က ပူးတွဲတတိယဆု၊ အမျိုးသမီးတစ်ကိုယ်တော်လက်သိုင်းစွမ်းရည်ပြပြိုင်ပွဲတွင် ယွန်းလဝန်းအိမ်(ရခိုင်)က ပထမ၊ နှင်းဝတ်မှုံဦး(ရှမ်း)က ဒုတိယနှင့် စုမြတ်ငြိမ်း(တနင်္သာရီ)က တတိယဆု၊အမျိုးသမီးနှစ်ယောက်တွဲအသင်းလိုက်(ဓားအတိုက်)ပြိုင်ပွဲ၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ဒုတိယနှင့် မန္တလေးတိုင်းဒေသကြီးအသင်းက တတိယဆု၊ အမျိုးသမီးတစ်ကိုယ်တော်ဓားရှည်စွမ်းရည်ပြပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းက ပထမ၊ ရခိုင်ပြည်နယ်အသင်းက ဒုတိယနှင့် မန္တလေးတိုင်းဒေသကြီး အသင်းက တတိယဆုများအသီးသီး ရရှိခဲ့ကြသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ဇူလိုင် ၁၉ ရက်တွင် ရပ်နားမည်ဖြစ်ပြီး ဇူလိုင် ၂၀ ရက်တွင် နောက်ဆုံးပွဲစဉ်များကို ကျင်းပပြီး ညနေပိုင်းတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ဆွီဒင်တင်းနစ်ကစားသမား မီကယ်ဝိုင်မာ ၁၈ လ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

**အီဒင်ဘာ့ဂ် ဇူလိုင် ၁၈**

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် အားကစားဆိုင်ရာ အနုညာတစီရင်မှုတရားရုံး(CAS)က ဆွီဒင်တင်းနစ်ကစားသမား မီကယ်ဝိုင်မာကို တားမြစ်ဆေးဝါးသုံးစွဲခြင်းစစ်ဆေးမှုခံယူရန်အတွက် သုံးကြိမ်ပျက်ကွက်ခဲ့ခြင်းကြောင့် ၁၈ လပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း The West သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မီကယ်ဝိုင်မာသည် ၂၀၂၁ ခုနှစ်ဧပြီလတွင် တစ်ကြိမ်၊ ဩဂုတ်လတွင် တစ်ကြိမ်၊၂၀၂၂ ခုနှစ်ဇန်နဝါရီလတွင် တစ်ကြိမ် ပျက်ကွက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖက်ဒရေးရှင်းက မီကယ်ဝိုင်မာ၏ပြစ်ဒဏ်နှင့်ပတ်သက်ပြီး အားကစားဆိုင်ရာ အနုညာတစီရင်မှုတရားရုံး(CAS) ထံ အယူခံဝင်ပေးခဲ့သော်လည်း အယူခံမအောင်မြင်ခဲ့သည့်အတွက် မီကယ်ဝိုင်မာအနေဖြင့် ပွဲပယ်ပြစ်ဒဏ်ကို လက်ခံရတော့မည်ဖြစ်သည်။

မီကယ်ဝိုင်မာက "တားမြစ်ဆေးဝါးသုံးစွဲထားခြင်းစစ်ဆေးမှုပျက်ကွက်တာနဲ့ပတ်သက်လို့ အေးဂျင့်နဲ့ ကျွန်တော့်ကြား နားလည်မှုလွဲတဲ့အတွက် ပျက်ကွက်ခဲ့ရတယ်။ဒါကိုလဲ သက်ဆိုင်ရာမှာသွားရောက်ဖြေရှင်းခဲ့ပါတယ်။ နောက်ဆုံးတစ်ကြိမ်ပျက်ကွက်ခဲ့တာနဲ့ ပတ်သက်ပြီး ကျွန်တော့်ဘက်က မှားယွင်းခဲ့တာမဟုတ်ပါဘူး။ သူတို့ဘက်က တမင်အပြစ်ရှာတယ်လို့ ခံစားမိပါတယ်။ ကျွန်တော့်အနေနဲ့ မျှတမှုမရှိဘူးလို့ ခံစားမိတယ်။ အခု ကျွန်တော့်ကို ၁၈ လ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့တဲ့အပေါ် နားမလည်နိုင်အောင်ဖြစ်ရတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# The Open Championship ပြိုင်ပွဲတွင် ကင်မရွန်းစမစ် ပါဝင်ယှဉ်ပြိုင်မည်

**လန်ဒန် ဇူလိုင် ၁၈**

The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏လက်ရှိချန်ပီယံ ဩစတြေးလျဂေါက်သီးရိုက်ကစားသမား ကင်မရွန်းစမစ်သည် မာဆေးဆိုက်ဒ်ရီယယ်တွင် ကျင်းပမည့် (၁၅၁)ကြိမ်မြောက် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း Reutersသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကင်မရွန်းစမစ်သည် အကြိမ်(၁၅၀)မြောက် The Open Championshipဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့ပြီးနောက်ပိုင်း PGA Tourအဖွဲ့ချုပ်နှင့် LIV Golf အဖွဲ့ချုပ်တို့အကြား ပြဿနာဖြစ်ပွားနေသည့်အတွက် LIV Golf အဖွဲ့ချုပ်သို့ကူးပြောင်းခဲ့၍ PGA Tour ပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရသည်။

ကင်မရွန်းစမစ်က "မနှစ်က ရထားတဲ့ဆုဖလားကိုပြန်အပ်လိုက်ပါပြီ။ အခုပြန်အပ်ရတဲ့ဆုဖလားကို ပြန်ယူနိုင်မယ်လို့မျှော်လင့်ပါတယ်။ ကစားသမားတစ်ဦးအနေနဲ့ အဓိကပြိုင်ပွဲတွေမှာ အကောင်းဆုံးပုံစံနဲ့ ကစားနိုင်လိမ့်မယ်လို့ အပြတ်မပြောနိုင်ဘူး။ ကျွန်တော့်အနေနဲ့ မနှစ်တုန်းကအတိုင်း အကောင်းဆုံးလုပ်ပြပြီး ချန်ပီယံဆုကို ပြန်ယူနိုင်မယ်လို့မျှော်လင့်ပါတယ်။ ဆုဖလားကို ဩစတြေးလျနိုင်ငံဆီပြန်ယူသွားနိုင်မယ်လို့လဲ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

ယခုအခါ PGA Tour အဖွဲ့ချုပ်နှင့်LIV Golf အဖွဲ့ချုပ်တို့ပြေလည်သွားပြီဖြစ်သည့်အတွက် ကင်မရွန်းစမစ်က PGA Tour တွင် ပြန်လည်ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ၁၉၉၃ ခုနှစ်နောက်ပိုင်း The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်သည့် ပထမဆုံးသော ဩစတြေးလျနိုင်ငံသားအဖြစ် မှတ်တမ်းဝင်ထားသူဖြစ်ကြောင်း သိရသည်။

AZL

# မြန်မာ့သမိုင်းထဲက ကြေကွဲဖွယ်အဖြစ်ဆိုးနဲ့ သင်ခန်းစာများ

ဘုန်းမောင်ဝင်း(ဖျာပုံ)

အာဇာနည်နေ့ကိုရောက်လာတာနဲ့အမျှ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ပိုပြီးသတိရပါတယ်။ မြန်မာစကားမှာတော့ အကယ်၍ ဆိုတဲ့ စကားလုံးရှိပါတယ်။ မြန်မာအဘိဓာန်မှာတော့ သတ်မှတ်ချက်ထား၍ ပြောရာတွင်သုံးသော စကားလုံးလို့ ဖွင့်ဆိုထားပါတယ်။ အကယ်၍ နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာတို့ပျက်စီးရာပျက်စီးကြောင်း ကောက်ကောက်ကျစ်ကျစ်မကြံစည်ခဲ့ဘဲ လက်နက်တွေထုတ်မပေးခဲ့ရင် ဂဠုန်ဦးစောဆိုတဲ့ ပုဂ္ဂိုလ်ကလဲ မိမိတစ်ယောက်တည်း ကောင်းစားရေးထက် တိုင်းပြည်မျက်နှာကြည့်ခဲ့မယ်ဆိုရင် ဒီကနေ့တိုင် ကျွန်တော်တို့ဝမ်းနည်းနေရတဲ့ "အာဇာနည်နေ့" ဆိုတာဖြစ်ပေါ်လာမှာ မဟုတ်ပါဘူး။ အခုတော့ ဒီလိုမဟုတ်ဘဲ နယ်ချဲ့အင်္ဂလိပ်တွေကလဲကောက်ကျစ်ခဲ့တယ်။ ဂဠုန်ဦးစောကလဲ အာဏာမက်ခဲ့တယ်။ ဒါတွေကြောင့် အာဇာနည်နေ့ဆိုတာ ဖြစ်ပေါ်လာခဲ့တာပါပဲ။

ကျွန်တော်ငယ်ရွယ်စဉ် ကျောင်းသားဘဝတုန်းကတော့ ဂဠုန်ဦးစောကြောင့် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေါင်းဆောင်ကြီးတွေ၊ အတွင်းဝန်နဲ့သက်တော်စောင့်တွေသေဆုံးရတာလို့တွေးပြီး ဂဠုန်ဦးစောကို အမုန်းကြီးမုန်းတီးခဲ့တယ်။ နာကြည်းခဲ့တယ်။ ကျောင်းသားဘဝကလွန်မြောက်ပြီး လုပ်ငန်းနယ်ပယ်ထဲရောက်၊ စာတွေအများကြီး ဖတ်ရတဲ့အခါရောက်တော့မှ ဪ. . . ဂဠုန်ဦးစောဆိုတာ နယ်ချဲ့လက်ပါးစေပါလား။ သူ့ရဲ့နောက်ကွယ်ကလက်မည်းကြီးဟာ နယ်ချဲ့အင်္ဂလိပ်ပါလားလို့ သိလာခဲ့ပါတယ်။ ဒီလိုပြောလို့ ဂဠုန်ဦးစောအပေါ်မှာ မုန်းတီးတာလျော့သွားခဲ့တာ မဟုတ်ပါဘူး။

အာဇာနည်ကြီးတွေနဲ့ အာဇာနည်နေ့အကြောင်း ဆက်လက်မတင်ပြခင် ရုပ်ရှင်တွေထဲကလို နောက်ကြောင်းပြန်၊ အတိတ်ကိုပြန်ပြောင်းပြောပြချင်ပါသေးတယ်။ ခေတ်ကာလအားဖြင့် မင်းတုန်းမင်းလက်ထက်ကပေါ့။ မင်းတုန်းမင်းရဲ့ညီတော် ကနောင်မင်းသားဆိုတာ မင်းတုန်းမင်းထီးနန်းရရှိဖို့အတွက် ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ခဲ့တဲ့အတွက် မင်းတုန်းမင်းကသူ့ဘုရင်ဖြစ်တဲ့အချိန်မှာ ညီတော် ကနောင်မင်းသားကို အိမ်ရှေ့စံအဖြစ် ထားရှိခဲ့ပါတယ်။ ကနောင်မင်းသားဟာ မြန်မာနိုင်ငံ ခေတ်မီတိုးတက်ရေးကို အစွမ်းကုန်ဆောင်ရွက်ခဲ့သူပါ။ ကိုလိုနီလက်အောက်ကျရောက်နေတဲ့ မြန်မာနိုင်ငံအောက်ပိုင်းကို ပြန်လည်ရရှိဖို့နဲ့ အထက်မြန်မာပြည်ကို နယ်ချဲ့အင်္ဂလိပ်တို့ ရန်မစရဲအောင် လက်နက်စက်ရုံတွေတည်ထောင်တယ်။ မြန်မာလူငယ်တွေ နိုင်ငံခြားကို ပညာတော်သင်စေလွှတ်တယ်။ စက်မှုတိုးတက်နေတဲ့နိုင်ငံတွေဆီက ခေတ်မီပညာတွေသင်ယူစေခဲ့တယ်။ နောက်ဆုံးမှာ အဲ့ဒီခေတ်အခါက ရေမြှုပ်ဗုံးကို စမ်းသပ်အောင်မြင်ခဲ့တယ်။

နယ်ချဲ့အင်္ဂလိပ်တွေ မြန်မာနိုင်ငံအထက်ပိုင်းကို ချီတက်လာရင် ရေလမ်းကြောင်းကပဲ လာမှာဖြစ်လို့ ရေမြှုပ်ဗုံးကို အောင်မြင်စွာတီထွင်ခဲ့တာဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် ကျွန်တော်တို့မြန်မာလူမျိုးတွေအတွက် အားကိုးအားထားပြုရမဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ် ကနောင်မင်းသားပေါ်ထွန်းလာတာဖြစ်ပါတယ်။ မြန်မာ့အရေးကို အမြဲစောင့်ကြည့်နေတဲ့ နယ်ချဲ့အင်္ဂလိပ်တွေက မြန်မာတွေအားကိုးရတဲ့ ခေါင်းဆောင်တစ်ယောက်ကို ဘယ်လိုနည်းနဲ့သုတ်သင်ရမလဲဆိုတာ အမြဲကြံစည်နေတာမို့ မြန်မာ့နန်းတွင်းမှာ သူလျှိုတွေထည့်ထားတယ်။ မင်းတုန်းမင်းရဲ့သားတော်တွေဖြစ်တဲ့ မြင်ကွန်းနဲ့မြင်းခုန်တိုင်တို့ကို မြှောက်ပေးတယ်။ ထီးနန်းအစဉ်အလာအရ ဖခင်ရဲ့အရိုက်အရာကို သားတွေကပဲ ခံစားခွင့်ရှိတယ်။ ကနောင်မင်းသားရှိနေသမျှ မင်းတို့ထီးနန်းရမှာမဟုတ်ဘူး။ အဲဒီ သွေးထိုးမြှောက်ပင့်စကားကြောင့် ညီအစ်ကိုနှစ်ယောက်ကလဲ ကနောင်မင်းသားကို လုပ်ကြံခဲ့ပါတယ်။ ကနောင်မင်းသား ကျဆုံးသွားတာဟာ နယ်ချဲ့အင်္ဂလိပ်တို့အတွက် ကျွန်တံခါးတစ်ချပ်ဖွင့်ပေးလိုက်သလိုပါပဲ။ ဒါ့ကြောင့်လဲ မြန်မာတွေ သူ့ကျွန်ဘဝရောက်ခဲ့တာပါပဲ။ ဘာကြောင့်နယ်ချဲ့အင်္ဂလိပ်တွေရဲ့စနက်လို့ ပြောရပါသလဲဆိုရင် မြင်ကွန်းနဲ့မြင်းခုန်တိုင် မင်းသားနှစ်ယောက်ကို နယ်ချဲ့အင်္ဂလိပ်တွေက သင်္ဘောနဲ့ အောက်မြန်မာပြည်ကို ခေါ်ဆောင်သွားခဲ့တာဟာ အထင်အရှားဆုံးသက်သေပါပဲ။




အခုလဲဒီလိုပါပဲ။ တစ်နှစ်အတွင်းလွတ်လပ်ရေးရစေရမယ်ဆိုတဲ့ကတိနဲ့ လွတ်လပ်ရေးရရှိဖို့ ဦးဆောင်ကြိုးပမ်းနေတဲ့ ဗိုလ်ချုပ်အောင်ဆန်းကို နယ်ချဲ့အင်္ဂလိပ်တွေက ဘယ်လိုလုပ်ကြံပစ်ရမလဲ အမြဲတွေးနေပါတယ်။ နယ်ချဲ့အင်္ဂလိပ်တွေက တိုးတက်တဲ့နိုင်ငံရေးအယူအဆရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းကို မလိုလားတဲ့အပြင် ဗိုလ်ချုပ်အောင်ဆန်းဆက်ရှိနေမယ်ဆိုရင် လွတ်လပ်ခါစ မြန်မာနိုင်ငံအပေါ် ဆက်လက်သွေးစုပ်နိုင်တော့မှာ မဟုတ်ပါဘူး။ နောက်တစ်ခုကလဲ ထင်ထင်ရှားရှား ဖြစ်ရပ်တစ်ခုကိုပြောပြရရင် "ပင်လုံစာချုပ်"ပါပဲ။ ပင်လုံစာချုပ်မဖြစ်ပေါ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်တွေက တိုင်းရင်းသားတွေကို အမျိုးမျိုးစည်းရုံး၊ မက်လုံးတွေပေးထားပါတယ်။ သွေးခွဲအုပ်ချုပ်တဲ့စနစ်နဲ့အုပ်ချုပ်ထားသလို မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရမယ်ဆိုရင်တောင် တောင်တန်းဒေသတွေကိုချန်လှပ်ထားချင်ပါတယ်။ သူတို့ ဆက်အုပ်ချုပ်ချင်ပါသေးတယ်။ ဗိုလ်ချုပ်အောင်ဆန်းသာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်ခိုင်မာမာမတည်ဆောက်နိုင်ဘူးဆိုရင် ပင်လုံစာချုပ်ဆိုတာ ဖြစ်လာမှာမဟုတ်ပါဘူး။ ပင်လုံစာချုပ်ဖြစ်ပေါ်လာအောင် ဦးဆောင်ကြိုးပမ်းခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းကို သူတို့ပစ်မှတ်ထားပြီပေါ့။

မြန်မာနိုင်ငံမှာ ဘုရင်ခံ ဆာဒေါ်မန်စမစ်အစား အသစ်ရောက်လာတဲ့ ဆာဟူးဘတ်ရန့်စ်ကလဲ ဗိုလ်ချုပ်အောင်ဆန်းကို တောက်လျှောက်ကြည့်နေပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ ဘုရင်ခံရဲ့အမှုဆောင်ကောင်စီအစိုးရအဖွဲ့မှာ ပါဝင်လာတဲ့အခါ ဆာဟူးဘတ်ရန့်စ်က သူနဲ့အဆင်ပြေတဲ့ ဂဠုန်ဦးစောနဲ့ သခင်ဗစိန်တို့ကိုလဲ ထည့်သွင်းဖွဲ့စည်းခဲ့ပါတယ်။ နိုင်ငံရေးအရ တန်းညှိဖို့ဖြစ်ပေမဲ့ မြန်မာပြည်သူတွေရဲ့နှလုံးသားထဲမှာတော့ ဗိုလ်ချုပ်အောင်ဆန်းဟာပြည်သူချစ်တဲ့ပန်းပါပဲ။ မြန်မာပြည်သူတွေအတွက် မွှေးတဲ့ပန်း၊ လှတဲ့ပန်းဟာ ဗိုလ်ချုပ်အောင်ဆန်းပါပဲ။ ဂဠုန်ဦးစောတို့ သခင်ဗစိန်တို့နဲ့တန်းညှိဖို့ လုပ်ထားပေမဲ့ ဘယ်လိုမှတန်းညှိလို့မရတဲ့အခါ ပြည်သူလူထုရဲ့ထောက်ခံမှုကလဲ ဗိုလ်ချုပ်အောင်ဆန်းအပေါ်မှာ တစ်နေ့တခြားမြင့်တက်လာတဲ့အခါ နယ်ချဲ့အင်္ဂလိပ်တွေက ဗိုလ်ချုပ်အောင်ဆန်းကို သုတ်သင်ရှင်းလင်းဖို့အတွက် သူတို့ခိုင်းတာလုပ်ပေးနိုင်မဲ့သူကို ရှာဖွေခဲ့ပါတယ်။ ဒီကနေ့ခေတ် ကျွန်တော်တို့သုံးနှုန်းနေတဲ့ နယ်ချဲ့လက်ပါးစေပါပဲ။ အဲဒီမှာအင်္ဂလိပ်တွေက ဂဠုန်ဦးစောကို သွားတွေ့တာပါပဲ။ ဂဠုန်ဦးစောဟာ နန်းရင်းဝန်ဟောင်းလဲဖြစ်ခဲ့တော့ အင်္ဂလိပ်တွေအတွက် စည်းရုံးဖို့မခက်ခဲခဲ့ပါဘူး။

ဂဠုန်ဦးစောဟာ ထင်ပေါ်ကျော်ကြားတဲ့ ခေါင်းဆောင်ဖြစ်လိုတယ်။ အာဏာကိုငမ်းငမ်းတက်လိုချင်တယ်။ ဗိုလ်ချုပ်အောင်ဆန်းကို မနာလိုဘူး။ ဒီကြားထဲမှာ ဗိုလ်ချုပ်အောင်ဆန်းအပေါ် အထင်လွဲစရာအကြောင်းတစ်ရပ်ကလဲ ဖြစ်ပေါ်ခဲ့ပါတယ်။ ဂဠုန်ဦးစောသေနတ်အပစ်ခံရပြီး ဒဏ်ရာရသွားတဲ့ကိစ္စဟာ ဗိုလ်ချုပ်အောင်ဆန်းကြောင့်လို့ တေးမှတ်ထားတယ်။ ဒီလိုနဲ့ မြန်မာပြည်ကို လွတ်လပ်ရေးမပေးချင်တဲ့ နယ်ချဲ့အင်္ဂလိပ်နဲ့ ဗိုလ်ချုပ်အောင်ဆန်းအပေါ် မနာလိုဖြစ်နေတဲ့ ဂဠုန်ဦးစောတို့ ပူးပေါင်းမိသွားပါတယ်။ လွတ်လပ်ရေးပေးရဖို့နီးကပ်လေလေ အင်္ဂလိပ်အရာရှိနဲ့ အပေါင်းပါတွေဟာ ဂဠုန်ဦးစောအိမ်ကို အဝင်အထွက်များလာလေ ဖြစ်လာပါတယ်။

အင်္ဂလိပ်စစ်တပ်က မေဂျာယမ်းနဲ့ကပ္ပတိန် ဗီဗြင်တို့နဲ့ ဂဠုန်ဦးစော အဆက်အသွယ်ရသွားပါတယ်။ ဂဠုန်ဦးစောက လက်နက်တွေရလိုကြောင်း မေဂျာယမ်းကို ပြောခဲ့ပါတယ်။ အဲဒီအခါ မေဂျာယမ်းက ကပ္ပတိန်ဗီဗြင်ကို ဂဠုန်ဦးစောနေအိမ်ကိုခေါ်သွားပြီး ဆက်သွယ်ပေးခဲ့ပါတယ်။ နောက်ဆုံးမှာတော့ကပ္ပတိန်ဗီဗြင်က လက်မှတ်အတုနဲ့ ဘရင်းဂန်းသေနတ်အလက် ၂၀၀ ထုတ်ပေးဖို့စီစဉ်ခဲ့ပါတယ်။ ဇွန် ၂၄ ရက်မှာတော့ ဘညွန့် ခေါင်းဆောင်တဲ့ ဂဠုန်ဦးစောရဲ့လူတွေက ဗိုလ်တထောင်လက်နက်တိုက်ကို သွားရောက်ခဲ့ပြီး လက်မှတ်အတုနဲ့ ဘရင်းဂန်းသေနတ်အလက် ၂၀၀ နဲ့ပြောင်း ၂၀၀ တို့ကို အခက်အခဲမရှိထုတ်ယူနိုင်ခဲ့ကြပါတယ်။ ဇူလိုင်လဆန်းမှာလဲ ရိုင်ဖယ်ကျည်ဆန် တစ်သိန်း၊ စတင်းကျည်ဆန် နှစ်သောင်းကျော်နဲ့ လက်ပစ်ဗုံးအလုံး ၂၀၀ အပါအဝင်ခဲယမ်းမီးကျောက်တွေကို ယခင်နည်းအတိုင်း သွားရောက်ထုတ်ယူခဲ့ပါတယ်။ နယ်ချဲ့အင်္ဂလိပ်တွေက သူတို့ကိုယ်တိုင် သိသိကြီးနဲ့ထုတ်ပေးလိုက်ပေမဲ့ တစ်ဖက်မှာတော့ လက်နက်ခဲယမ်းတွေပျောက်ဆုံးတယ်လို့ သတင်းလွှင့်ခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ ဒီသတင်းကိုသိပေမဲ့ သူဟာ တိုင်းပြည်အတွက် ကောင်းတာလုပ်နေတာမို့ သူ့အပေါ်မှာ ဂဠုန်ဦးစောတို့ ရက်ရက်စက်စက်လုပ်မှာ မဟုတ်ဘူးလို့ပဲ ယုံကြည်ထင်မှတ်နေပါတယ်။ နယ်ချဲ့အင်္ဂလိပ်တွေအပေါ်မှာလဲ ဗိုလ်ချုပ်အောင်ဆန်း လျှော့တွက်ခဲ့တယ်လို့ပဲ ဆိုရပါမယ်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၉ ရက်မှာတော့ ဂဠုန်ဦးစောရဲ့စေခိုင်းမှုကြောင့် ဝန်ကြီးများအစည်းအဝေးကျင်းပရာ ရန်ကုန်မြို့ အတွင်းဝန်ရုံးထဲကို မောင်စိုး၊ သက်နှင်း၊ မောင်စိန်(ခ) စိန်ကြီး၊ ရန်ကြီးအောင်တို့ လက်နက်ကိုယ်စီနဲ့ ဝင်ရောက်လာပြီး ဗိုလ်ချုပ်အောင်ဆန်းတို့ကို ပစ်ခတ်သတ်ဖြတ်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ သေနတ်ဒဏ်ရာ (၁၃) ချက်ရရှိပြီး ကျဆုံးခဲ့ပါတယ်။ ဝန်ကြီးတွေဖြစ်တဲ့ သခင်မြ၊ ဗိုလ်ချုပ်အစ်ကို ဦးဘဝင်း၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ ဦးရာဇတ်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ အတွင်းဝန် ဦးအုန်းမောင်နဲ့ သက်တော်စောင့် ရဲဘော်ကိုထွေးတို့လဲ သေနတ်ဒဏ်ရာတွေနဲ့ ကျဆုံးခဲ့ပါတယ်။

အဲဒီလိုကျဆုံးခဲ့ရမှုက မြန်မာနိုင်ငံအတွက်တော့ တကယ့်ကို ဆုံးရှုံးမှုကြီးဖြစ်ခဲ့ပါတယ်။ လူဆိုတာ မကောင်းမှုလုပ်ရင် မကောင်းကျိုးခံစားရမှာပါ။ ကံကံ၏အကျိုးဆိုတဲ့အတိုင်း ဗိုလ်ချုပ်အောင်ဆန်းနဲ့အာဇာနည်ခေါင်းဆောင်ကြီးတွေကိုလုပ်ကြံခဲ့တဲ့ အဓိကတရားခံ ဂဠုန်ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မောင်စိန် (ခ) စိန်ကြီး၊ ရန်ကြီးအောင်နဲ့ မှုကြီးတို့ကို အထူးရာဇဝတ်ခုံရုံးက သေဒဏ်ချမှတ်ခဲ့ပါတယ်။ မောင်နီ၊ သုခ၊ ခင်မောင်ရင်တို့ကို မူလသေဒဏ်အစား နိုင်ငံတော်သမ္မတက တစ်သက်တစ်ကျွန်းသို့ ပြောင်းလဲအမိန့်ချခဲ့ပါတယ်။ ဘညွန့်ကိုတော့ အစိုးရသက်သေ (ဖော်ကောင်)အဖြစ် လွတ်ငြိမ်းခွင့်ပေးခဲ့ပါတယ်။ ၁၉၄၈ ခုနှစ် မေလ ၈ ရက်မှာ ဂဠုန်ဦးစောနဲ့ ကြံရာပါငါးဦးတို့ကို ကြိုးဒဏ်စီရင်ခဲ့ပါတယ်။ နယ်ချဲ့အင်္ဂလိပ်က သူတို့လူမျိုးတွေဖြစ်တဲ့ ကပ္ပတိန်ဗီဗြင်ကို ထောင်ဒဏ်ငါးနှစ်၊ မေဂျာယမ်းကို ထောင်ဒဏ်နှစ်နှစ် ချမှတ်ခဲ့ပါတယ်။ ကပ္ပတိန်ဗီဗြင်ဟာ ကေအင်ဒီအိုတွေပူးပေါင်းသွားပြီး ၁၉၅၁ ခုနှစ် ဩဂုတ်လမှာတပ်မတော်စစ်ကြောင်းနဲ့ တိုက်ပွဲဖြစ်လို့ လှိုင်းဘွဲမြို့နယ်ဘက်မှာ သေသွားပါတယ်။ မေဂျာယမ်းကတော့ အယူခံဝင်တဲ့အခါ အမှုကတရားသေလွှတ်ပေးခဲ့ပါတယ်။

၂၀၂၃ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့မှာတော့ ဗိုလ်ချုပ်အောင်ဆန်းတို့ကျဆုံးခဲ့တာ (၇၆) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ ပန်းခွေချတာ၊ အလေးပြုတာလောက်နဲ့ အာဇာနည်နေ့ပြီးဆုံးသွားတာမျိုး မဖြစ်စေချင်ပါဘူး။ အာဇာနည်နေ့ဖြစ်ပေါ်လာအောင် ကြိုးကိုင်ခြယ်လှယ်ခဲ့တဲ့ နယ်ချဲ့အင်္ဂလိပ်တွေ၊ လက်ပါးစေတွေရဲ့ လုပ်ရပ်တွေအပေါ်မှာ နာကြည်းမုန်းတီးပြီး သူတို့ရဲ့လုပ်ဆောင်ချက်တွေကို စောင့်ကြည့်နေဖို့ လိုပါတယ်။ ဒီကနေ့တိုင် သူတို့ဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေဆဲဆိုတာကို သိစေချင်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက စကားတွေအများကြီးပြောခဲ့သလို အလုပ်တွေလဲ အများကြီးလုပ်ခဲ့ပါတယ်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်ည ပင်လုံမှာပြောခဲ့တဲ့မိန့်ခွန်းထဲက "တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်"လို့ပြောခဲ့တာကို အစဉ်သတိရပြီး တိုင်းသူပြည်သားတိုင်းက နိုင်ငံ့ကောင်းကျိုးသယ်ပိုးကြရန်ဖြစ်ပါတယ်။ ဒီလိုသယ်ပိုးကြတာနဲ့အတူ သမိုင်းထဲက ကြေကွဲဖွယ်အဖြစ်ဆိုးမျိုး ထပ်မံမဖြစ်အောင် သင်ခန်းစာ ယူကြပါစို့လို့ အသိပေးရေးသားလိုက်ရပါတယ်။

**ကိုးကား**

– ၁၃-၇-၂၀၂၃ နေ့ထုတ် မြန်မာ့အလင်း သတင်းစာ

# ရှမ်းကိုးမီး ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် စတင်ရိုက်ကူးနေ



**ရန်ကုန် ဇူလိုင် ၁၈**

ရှမ်းကိုးမီး ရုပ်ရှင်ဇာတ်ကားကို ဝါရင့်ရုပ်ရှင်သရုပ်ဆောင်များဖြင့် ရန်ကုန်မြို့တွင် ဇူလိုင် ၁၇ ရက်က စတင်ရိုက်ကူးနေကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ ညိုမင်းလွင်က ပြောပြ၍ သိရသည်။

ရှမ်းကိုးမီး ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ဒါရိုက်တာ ညိုမင်းလွင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ညိုမင်းလွင်ကပင် ရိုက်ကူးခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ရုပ်ရှင်သမားတွေ ဖဲရိုက်တယ်ဆိုတာ အဆန်း မဟုတ်ပါဘူး။ ရုပ်ရှင်သမားတိုင်းနယ်ဇာတ်ကားသွားရိုက်ရင် ဖဲရိုက်ကြတာများတယ်လေ၊ ဇာတ်ပို့ ဇာတ်ရံတွေက တစ်ဝိုင်း၊ စက်အဖွဲ့က တစ်ဝိုင်း၊ မင်းသား၊ မင်းသမီးတွေလဲတစ်ဝိုင်း ဖဲရိုက်ကြတာပါပဲ။ လောင်းကစားရယ်လို့ မဟုတ်ဘဲ အပျော်ရိုက်ကြတာပါ။ ကျွန်တော့်အနေနဲ့ သားညီတို့၊ မကြီးစိုးတို့ ဖဲရိုက်တာလဲသိတော့ ဇာတ်ကားမှာ ပါဝင်ဖို့လုပ်လိုက်တာပါ။ ကျွန်တော့်ဇာတ်ကား တော်တော်များများ ဇာတ်ကားအကြောင်း သိမှာစိုးလို့ ဖုံးထားတာများတယ်။ အခုက ဒီဇာတ်ကားမှာ မကြီးစိုးတို့၊ သားညီတို့နဲ့ အခြားသရုပ်ဆောင်တွေကို ဒီဇာတ်ကားရဲ့အကြောင်း အရာတချို့ အသိပေးထားပါတယ်"ဟု ဒါရိုက်တာ ညိုမင်းလွင်က ပြောပြသည်။

ရှမ်းကိုးမီး ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်မည့် သရုပ်ဆောင်များ မိတ်ဆက်ပွဲကို ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လှိုင်မင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှမ်းကိုးမီးရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် စိုးမြတ်သူဇာ၊ သားညီတို့အပြင် ဂူးဂူ Game Streamer၊ မေ့ချစ်သက်၊ မင်းသိမ်းကျော်၊ ရှင်းသန့်ရွှေ၊ မင်းသွေးလျှံ၊ ကိုရွှေ စသည့်သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# တိုက်တန်ရေငုပ်ယာဉ်ဖြစ်စဉ်ကို ရုပ်ရှင်အဖြစ် ရိုက်ကူးမည်ဟူသောသတင်း ဂျိမ်းကင်မရွန်ငြင်းဆို

**နယူးယောက် ဇူလိုင် ၁၈**


အိုရှင်းဂိတ်ကုမ္ပဏီ၏ တိုက်တန်ရေငုပ်ယာဉ် ရေထုဖိအားဖိခြေခံရမှုဖြစ်စဉ်ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးမည်ဟူသော သတင်းများကို ကမ္ဘာကျော်ဒါရိုက်တာ ဂျိမ်းကင်မရွန်က ငြင်းဆိုလိုက်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

တိုက်တန်းနစ်သင်္ဘောပျက်လေ့လာရေး ရေအောက်ခရီးစဉ်၌ တိုက်တန်ရေငုပ်ယာဉ် ရေဖိအားဖိခြေခံရမှုဖြစ်စဉ်ကို ကမ္ဘာကျော်ဒါရိုက်တာ ဂျိမ်းကင်မရွန်က ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးမည်ဟူသော သတင်းများ ပြီးခဲ့သည့်ရက်များအတွင်း ပေါ်ထွက်ခဲ့သည်။

သို့ရာတွင် မိမိအနေဖြင့် တိုက်တန်ရေငုပ်ယာဉ်ဖြစ်စဉ်ကို ရုပ်ရှင်အဖြစ်ရိုက်ကူးရေးအတွက် ဆွေးနွေးနေခြင်းမျိုးမရှိသလို ၎င်းဖြစ်စဉ်ကိုလည်း မည်သည့်အခါတွင်မျှ ရုပ်ရှင်အဖြစ် ရိုက်ကူးမည်မဟုတ်ကြောင်း ဒါရိုက်တာ ဂျိမ်းကင်မရွန်က ဇူလိုင် ၁၅ ရက်က တွစ်တာစာမျက်နှာ၌ ရေးသားထားသည်။

ဒါရိုက်တာ ဂျိမ်းကင်မရွန်သည် ကမ္ဘာကျော် တိုက်တန်းနစ်ဇာတ်ကားကို ရိုက်ကူးခဲ့သူဖြစ်ပြီး တိုက်တန်းနစ်သင်္ဘောပျက်ရှိရာသို့ ၃၃ ကြိမ်ထိ ရောက်ခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။

KKO





# အဆိပ်လိုအချစ် ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဇူလိုင် ၁၈**

အဆိပ်လိုအချစ် ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ ဇူလိုင် ၂၅ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် နန်းရွှေရည်က ပြောပြ၍ သိရသည်။

နယူးကြောင်ကမ္ဘာ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အဆိပ်လိုအချစ် ရုပ်သံဇာတ်လမ်းတွဲကို ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင်က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ဒရာမာဇာတ်လမ်းတွဲပါပဲ။ ဒီဇာတ်ကားမှာ ယမင်းဇာတ်ရုပ်ကနေ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒရာမာဆိုပေမဲ့ စိတ်ဝင်စားစေမဲ့ အလှည့်အပတ်လေးတွေ ပါဝင်မှာဖြစ်တဲ့အတွက် စိတ်ဝင်တစားနဲ့ တစ်ပိုင်းပြီးတစ်ပိုင်း ဆက်ကြည့်ချင်လာမှာပါ။ အားပေးပါအုံး"ဟု သရုပ်ဆောင် နန်းရွှေရည်က ပြောပြသည်။

အဆိပ်လိုအချစ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် သာထက်ဉာဏ်ဇော်၊ ကောင်းဇံဟိန်း၊ ဆောင်းဝတ်ရည်မေ၊ ခန့်၊ ဂရိတ်ချမ်း၊ ခွန်ဆိုင်း၊ နန်းရွှေရည်နှင့် ရန်အောင်၊ ရဲအောင်၊ မေသန်းနု၊ လှမျိုးသဥ္ဇာနွယ် စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Indiana Jones and the Dial of Desting ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်လွန်

**နယူးယောက် ဇူလိုင် ၁၈**

Indiana Jones and the Dial of Desting ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်လွန်သွားပြီဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားသည် ရုံတင်ပြီး သီတင်းသုံးပတ်အကြာတွင် ရိုက်ကူးထုတ်လုပ်မှုစရိတ် ပြန်ကာမိခဲ့သည့်ဝင်ငွေကို ရရှိခဲ့ခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေသည် ဇူလိုင် ၁၆ ရက်တွင် အမေရိကန်ဒေါ်လာ ၃၀၂ သန်းထိရရှိခဲ့သည်။

အဆိုပါ ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထိရှိခဲ့ကြောင်း၊ ၎င်းဇာတ်ကားတွင် မင်းသားကြီး ဟယ်ရီဆင်ဖို့က အဓိကဇာတ်ကောင် Indiana Jones အဖြစ် နောက်ဆုံးအကြိမ် ပါဝင် သရုပ်ဆောင်ထားသည့်တိုင် အမြတ်ပေါ်ရေးအတွက် ရုန်းကန်နေရဆဲဖြစ်ကြောင်း သိရသည်။

Indiana Jones and the Dial of Desting ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းမင်းဂိုးက ရိုက်ကူးပေးခဲ့ပြီး ယခုနှစ် ဇွန် ၃၀ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO




# မိုးကောင်းမြို့နယ် နန့်လှိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးကောင်း ဇူလိုင် ၁၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခေတ်မီစံပြကျေးရွာ (Smart Village) စီမံကိန်းဆောင်ရွက်နေသည့် နန့်လှိုင်ကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာတွင်းကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးသီဟဇော်နှင့် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တာဝန်ရှိသူများက နန့်လှိုင်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးသီဟဇော်က ကျေးရွာကော်မတီဝင်များ၊ မြို့နယ် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိရှိအသုံးချပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လည်ပတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပျက် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မိုးကောင်းမြို့နယ် နန့်လှိုင်ကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၆ ပေနှင့် အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၇၅ သန်းအသုံးပြု၍ ဦးစီးဌာနမှ အင်ဂျင်နီယာစုဖွဲ့မှုဖြင့် ယခုနှစ် ဧပြီလနောက်ဆုံးပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချစ်ဦးကို**

# 17,555 acres of monsoon paddy grown against target of over 25,000 acres in Naga region


A monsoon paddy cultivation in progress in Naga region.

**Sagaing July 18**

Naga Self-Administered Zone in Sagaing Region has put 17,555 acres of land under monsoon paddy in the current monsoon cultivation season, according to Sagaing Region Agriculture Department.

The Naga region has set a target to grow 25,380 acres of monsoon paddy in the monsoon cultivation season of the current financial year 2023-2024. The cultivation started in May this year.

"We have grown over 17,000 acres of monsoon paddy against the target of over 25,000 acres. We will try to meet the target. We grow rice in several ways. Now it seems that monsoon paddy cultivation has progressed," said U Win Hlaing Oo, head of Sagaing Region Agriculture Department.

In the monsoon cultivation season of the previous 2022-2023 FY, the Naga region set a target to grow 25,059 acres of monsoon paddy from June to September. But, 25,219 acres were grown, exceeding the target.

This year, respective township agriculture departments are providing modern cultivation methods, helping with obtaining quality strains and getting high yields and providing techniques for use of natural fertilizers as chemical fertilizer prices increase.

206

# K12,000 earned in exporting a viss of dried chili to Thailand

**Mandalay July 18**

Myanmar earns around K12,000 per viss in exporting dried chili to Thailand, said Daw Ohnma Kyaw, chairperson of Chili Market and Technology Development Association.

Dried chili goes to Thailand as an export item of Myanmar. With the season coming to end, there are fewer stocks in dried chili, and only one 12-wheeled truck loaded with dried chili can go to Thailand a day. Thus, the price is good and a viss of dried chili is worth about K12,000.

"We are exporting dried chili to Thailand. As exports are low now, we are getting a good price with K12,000 per viss. There is only a truck load every day. Chili is being regrown in various regions. New harvests will come," Daw Ohnma Kyaw said.

Chili is grown in Ayeyawady Region, Shan State, Magway Region and some parts of Mandalay Region. In exporting chili to Thailand, growers, merchants and relevant associations have to do it under their own arrangements. 185


Dried chilies being put into bags.

# Hilsa fish fetches a good price in Labutta Township

**Labutta July 18**

The price of hilsa fish is up to 58,000 kyats per viss in Labutta Township, Labutta District, Ayeyawady Region, said Daw Moe Moe, the owner of a wholesale center for aquatic products in Labutta Township.

The price of hilsa fish produced in Labutta Township last May and June was between 15,500 and 29,500 kyats per viss.

Starting from July 1 until today, the price of hilsa fish was ranging from 18,500 to 58,000 kyats per viss due to demand from other areas.

"Now there is demand for fish from the local market as well as the Yangon market. Now that the price is good, the life of fishermen will be comfortable. The price will be increased if there is an overseas market for the fish," she said.

The fish produced in Labutta Township is sent to the local market as well as Yangon and Nay Pyi Taw markets.

Although the price of this fish is good, there is no decrease in sales. It is reported that 500 to 1,000 visses of fish are sold daily.

KKL

# January 6 probe: Trump says he expects indictment

**Washington July 18**

Donald Trump has said he expects to be arrested by a federal inquiry into the US Capitol riot and efforts to challenge the 2020 election results.

The ex-president said in a social media post he had been informed by special counsel Jack Smith on Sunday night that he was a target of their investigation.

Mr Trump posted that he was told to report to a grand jury, "which almost always means an Arrest and Indictment".

The special counsel did not immediately respond to media inquiries.

Such an indictment would be Mr Trump's third for alleged criminal offences, including 37 counts brought by Mr Smith's team in June accusing the president of mishandling classified documents.

Mr Trump has also been charged in New York City with falsifying business records in 2016 hush money payments to adult film star Stormy Daniels.

He is due to stand trial in that case next March, while a date for the classified documents case is still being contested by the president's lawyers.

BBC

# Colombian mudslide: Children swept away as river burst its banks

**Bogotá July 18**

At least 10 people, among them several children, have been killed after a river burst its banks in Colombia, officials say.

Rising water levels caused mudslides which swept away homes in Quetame, a municipality south-east of the capital, Bogotá.

Rescue workers are searching for at least a dozen people who have been reported missing.

A bridge linking Bogotá with the city of Villavicencio has been destroyed.

Among those killed are three children aged 12, 10 and six, rescue workers said.

The 12-year-old was swept away by a mudslide along with his mother, newspaper El Tiempo reports.

Colombian President Gustavo Petro expressed his condolences on Twitter.


The sudden surge in the level of the local river came after heavy rainfall.

Locals reported hearing a roaring sound as the landslide engulfed the main road linking the capital with the south-eastern provinces of Cundinamarca and Meta.

The worst affected area is Naranjal, where at least 20 homes were destroyed by the rising waters.

Video uploaded to social media appears to show a house collapsing as the ground it stands on is being swept away by a fast-flowing river.

BBC


A photo taken by the disaster management agency shows the road which was engulfed by the mudslide.

# New gold foils to be offered at four standing Buddha images in cave of Ananda Temple


Amanda Temple in Bagan.

**Bagan July 18**

Plans are underway to offer new gold foils to four standing Buddha images in the cave of Ananda Temple in Bagan ancient cultural region, according to the temple board of trustees.

Ananda Temple was built by King Kyansittha in 1090 AD. It was identified as temple No 2171 in Bagan ancient cultural region. It is a temple but a stupa. The temple is located near the east of Tharapa Gate.

The temple board will buy 2,500 2-square-inch gold foils from businesspersons through closed tender. The businesspersons wishing to sell gold foils can buy K20,000 per copy of tender proposal from the board as from 16 July.

The tender proposals must be submitted to the board attached to the sample gold foil from 19 July to 27 July. For further information, dial 09-204275, 09-441130895 and 09-886676227. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# UMFCCI to cooperate with businesspersons to export more products

**Yangon July 18**

The UMFCCI on 15 July stated that it will cooperate with businesspersons in export of agricultural produce, cotton, CMP products, finished industrial goods and marine products to foreign markets.

At present, the Ministry of Commerce eased restrictions for export of products and import of goods.

Moreover, the ministry is joining hands with relevant ministries in providing adequate volume of fuel to industrial zones.

An awareness workshop was recently held at the UMFCCI office for AD banks to understand instructions of the Central Bank of Myanmar on export and import process.

UMFCCI plans to hold meetings among businesspersons to coordinate overcoming challenges of export and import process so as to increase the export volume.

Hence, the meeting on enhancing the export volume of agricultural produce, cotton, CMP, finished industrial goods and marine products to foreign markets took place at the UMFCCI office in Yangon on 15 July.

Businesspersons from relevant sector discussed current challenges in the work places.

They explained accomplishment on minutes of the meeting on promotion of export held on 27 and 28 May, and future plans as well as plans to increase export volume of the avove-mentioned sectors. 336


A private industry in operation.

# Thukha Dagon public rental housing project 83 per cent complete

**Yangon July 18**

Thukha Dagon public rental housing project being implemented in Yangon has completed by 83 per cent, according to the Yangon City Development Committee on 17 July.

It is located on 181 acres of land near the junction of No 2 and No 7 highways in Dagon Myothit (South) Township.

The project was launched in 2020 and it comprises 272 buildings with 4,352 apartments. Each apartment will have 588 square feet of area.

For the first phase, 194 buildings which will be four apartment five storey are being built for 3,104 apartments. Myanmar Construction Entrepreneurs Federation and Myanmar Licensed Contractors Association shared 97 buildings each for construction. Currently, the project will be facilitated with electrification, water supply and a temporary market.

At the end of June 2023, the project has completed by 83 per cent. Hence, the Thukha Dagon Public Rental Housing Committee on 29 June announced that people can apply for the apartments.

Apartments will be rented to those with difficulties for accommodation, retired service personnel and in-service persoonel. Applications for the apartments must be bought at relevant township administrator offices and submitted there.

The personnel serving in Yangon Region have to submit applications at the office of Yangon Region Head of Urban and Housing Development Department.

Applications are available as from 3 July, and these must be submitted not later than 31 July. For further information, dial 09-699998814 and 09-8379061 during the office hours. 336

# More than 140,000 tons of fertilizers worth US$56 million imported in June

**Nay Pyi Taw July 18**

As now if time for cultivation of monsoon paddy, more than 140,000 tons of fertilizers worth more than US$56 million, according to the Ministry of Commerce.

As such, the fertilizer market is active at home and some businesspersons import fertilizer abroad.

In June, fertilizers were imported through maritime and border trade routes.

Based on data of the Ministry of Commerce, a total of 103,400 tons of fertilizers worth US$46.034 million was imported through shipping and 38,000 tons of fertilizers worth US$12.007 million through land border, totalling 141,400 tons worth USA$56.041 million.

In this regard, 44,000 tons of fertilizers was imported from China, 37,000 tons from Omen, 7,000 tons from Thailand, 6,000 tons from Indonesia, 3,600 tons from Vietnam, 2,500 tons from Russia, 2,500 tons from South Korea, 1,500 tons from Malaysia, 1,000 tons from Laos, 1,000 tons from UAE, 500 tons from Norway and 300 tons from Jordan, totalling 103,400 tons through maritime trade route.

Meanwhile, 36,000 tons of fertilizers was bought from China and 2,000 tons from Thailand, totalling 38,000 tons through land border.

The Urea Fertilizer Import and Distribution Leading Commitee coordinated with the Myanmar Fertilizers, Seeds and Agricultural drug Entrepreneurs Association in issuing the reference prices of impurs. In Yangon market, large urea fertilizer was traded at K75,000 per 50 kilos and the small K68,800 as well as compound fertilizers K115,000 from 1 to 15 July.

This monsoon, reference prices have been released for sale of K68,800 per 50-kilo bag of large Urea fertilizer and K115,000 per 50-kilo bag of compound fertilizer from 11 to 23 July. 336

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ထိုင်းနှင့်တရုတ် ကြည်း၊ ရေ၊ လေ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်



ထိုင်းနှင့်တရုတ်နိုင်ငံတို့သည် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ပါဝင်သောပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဇူလိုင် ၉ ရက်မှ စက်တင်ဘာ ၁၀ ရက်ထိ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း စစ်ဘက်သတင်းရင်းမြစ်တစ်ခုက ပြောကြားချက်များအပေါ် ကိုးကား၍ ဗန်ကောက်ပို့စ်သတင်းစာက ဇူလိုင် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒေသတွင်းငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကိုမြှင့်တင်ရန်အတွက် ထိုင်းနှင့်တရုတ်လေတပ်တို့ကြား ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရန် ရည်ရွယ်သည့်နှစ်စဉ်ပူးတွဲလေကြောင်းတိုက်ခိုက်ရေးလေ့ကျင့်မှု "Falcon Strike 2023"ကို ဇူလိုင် ၉ ရက်က စတင်ခဲ့သည်ဟု သိရသည်။

အဆိုပါ လေကြောင်းစစ်ရေးလေ့ကျင့်မှုဖွင့်ပွဲကို ထိုင်းနိုင်ငံ Udon Thani လေတပ်အခြေစိုက်စခန်းတွင် ပြုလုပ်ခဲ့ပြီး ဇူလိုင် ၂၀ ရက်ထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

Falcon Strike လေ့ကျင့်မှုကို ၂၀၁၅ ခုနှစ်က ပထမဆုံးပြုလုပ်ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့်၂၀၁၉ ခုနှစ်တို့တွင် ဆက်တိုက်ပြုလုပ်လာခဲ့ရာ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် နောက်ပိုင်းနှစ်များတွင် ရပ်နားထားခဲ့ကြသည်။

ယခုနှစ်စစ်ရေးလေ့ကျင့်မှုတွင် ထိုင်းလေတပ်မှ Gripen 39 C/D တိုက်လေယာဉ်များ၊ Alpha Jets လေယာဉ်များနှင့် Saab 340 AEW ကြိုတင်သတိပေးလေယာဉ်များ ပါဝင်ခဲ့ကြသလို တရုတ်နိုင်ငံဘက်မှ J-10C/S၊ JH-7 A/AII၊ J-11B/S တိုက်လေယာဉ်များနှင့် KJ-500 ကြိုတင် သတိပေးရေးလေယာဉ်များ စေလွှတ်ခဲ့သည်။

ထိုင်းနှင့်အမေရိကန်လေတပ်တို့ကြား သဘောတူညီချက်အရ ထိုင်းတော်ဝင်လေတပ်၏အမေရိကန်ထုတ် F16 နှင့် F5 တိုက်လေယာဉ်များကို တရုတ်နှင့်ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခွင့်မပြုခဲ့ပေ။

ထို့ပြင် လာမည့်ဩဂုတ် ၁၆ ရက်မှ စက်တင်ဘာ ၂ ရက်ထိ ထိုင်းနှင့် တရုတ်နိုင်ငံတို့မှ အထူးစစ်ဆင်ရေးတပ်ဖွဲ့များသည် လော့ပါဘူရီခရိုင်တွင် Joint Strike 2023 စစ်ရေးလေ့ကျင့်မှုပြုလုပ်သွားကြဦးမည်ဖြစ်သည်။

ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကြီးဖြစ်သည့် Blue Strike သည် အရှေ့ဘက်ရှိ Chon Buri၊ Rayong နှင့် Chanthaburi ပြည်နယ်တို့တွင် စက်တင်ဘာ ၃ ရက်မှ ၁၀ ရက်ထိ စစ်ရေးလေ့ကျင့်မှုများပြုလုပ်ရန် စီစဉ်ထားသည်။

အဆိုပါရေတပ် စစ်ရေးလေ့ကျင့်မှုကို နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိပြီး နှစ်နိုင်ငံစလုံးက အိမ်ရှင်အဖြစ် အလှည့်ကျကျင်းပခြင်းဖြစ်သည်။

ဩဂုတ် ၃၁ ရက်တွင် တရုတ်စစ်သင်္ဘောများနှင့် ကုန်းရေနှစ်သွယ်ကမ်းတက်သင်္ဘောများသည် Chon Buri ပြည်နယ် Sattahipဆိပ်ကမ်းသို့ ရောက်ရှိမည်ဖြစ်သည်။

တောင်တရုတ်ပင်လယ်တွင် တရုတ်နှင့်အမေရိကန်တို့ကြား တင်းမာမှုများကြောင့် ယခုနှစ် စစ်ရေးလေ့ကျင့်မှုကို တိတ်တဆိတ် လုပ်ဆောင်မည်ဖြစ်ကြောင်း ထိုင်းရေတပ် သတင်းရင်းမြစ်တစ်ခုက ဗန်ကောက်ပို့စ်သတင်းစာသို့ ပြောကြားသည်။

**Thailand, China holding 3 joint military exercises ကို ဘာသာပြန်ဆိုထားပါသည်။**

## ၂၀၂၅ ခုနှစ်တွင် NATO မဟာမိတ်နိုင်ငံများကြား ဥရောပ၌ အကောင်းဆုံးတပ်မတစ်ခုပိုင်ဆိုင်ရန် ဂျာမနီရည်မှန်းထား

ဂျာမနီနိုင်ငံသည် ယူကရိန်းပဋိပက္ခစတင်ပြီးနောက် ၎င်း၏ကြည်းတပ်ကို ဖွဲ့စည်းပုံပြင်ဆင်ခဲ့ရာ ၂၀၂၅ ခုနှစ်တွင် NATO မဟာမိတ်နိုင်ငံများကြား ဥရောပ၌ အကောင်းဆုံး တပ်မတစ်ခုကိုပိုင်ဆိုင်ရန် ရည်မှန်းထားကြောင်း ဂျာမနီကြည်းတပ်စစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Alfons Maisက ဇူလိုင် ၁၇ ရက်တွင် ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

လက်ရှိတွင် ဂျာမနီနိုင်ငံ၌ တပ်ဖွဲ့ဝင်အင်အား နှစ်သောင်းကျော်ပါဝင်သည့် တိုက်ခိုက်ရေးအသင့် တပ်မအဆင့်ဖွဲ့စည်းပုံမျိုးမရှိကြောင်း၊ သို့ဖြစ်၍ ၂၀၂၅ ခုနှစ်တွင် တပ်မသုံးခုအနက် ပထမဆုံး တပ်မတစ်ခုကို တိုက်ပွဲဝင်အသင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန်ရည်မှန်းထားပြီး ဒုတိယတပ်မကို ၂၀၂၇ ခုနှစ်တွင် ဖွဲ့စည်းသွားရန် ရည်မှန်းထားကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ၂၀၂၅ ခုနှစ်အတွက် တိုက်ခိုက်ရေးတပ်မတစ်ခုကို အောင်မြင်စွာဖွဲ့စည်းတာဝန်ပေးအပ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု Mais က ဇူလိုင် ၁၇ ရက်ကပြုလုပ်ခဲ့သည့်အင်တာဗျူးတစ်ခုတွင် Reuters သတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်ရေး တပ်မအတွက် ကနဦးလိုအပ်ချက်အရ တပ်ဖွဲ့ဝင်အင်အား ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းထိဖွဲ့စည်းသွားနိုင်မည်ဖြစ်ပြီး လုပ်ဆောင်ရန်အစီအစဉ်များကို NATO အဖွဲ့နှင့်သဘောတူညီခဲ့ကြောင်း သိရသည်။

ဂျာမနီသည် ပထမဦးစွာ ယန္တရားတင်တပ်မဟာနှစ်ခု၊ နောက်ပိုင်းတွင် ပိုမိုပေါ့ပါးသော လက်နက်ကိုင်ခြေလျင်တပ်မဟာတစ်ခုနှင့်နယ်သာလန်နိုင်ငံမှ တပ်မဟာတစ်ခုတို့ဖြင့် အားဖြည့်ပေးမည်ဟု ဒုတိယဗိုလ်ချုပ်ကြီး Maisက ပြောကြားခဲ့သည်။ တပ်မဟာတစ်ခုတွင် တပ်ဖွဲ့ဝင်အင်အား ၅၀၀၀ ခန့်ရှိသည်။

မည်သို့ပင်ဖြစ်စေ ၂၀၂၅ ခုနှစ်တွင် ဥရောပ NATO မိတ်ဖက်များအားလုံး၏ အကောင်းဆုံးတိုက်ခိုက်ရေး တပ်မတစ်ခုဖွဲ့စည်းပေးရန်ဖြစ်သည်။ ၎င်းကို ဒတ်ချ် (နယ်သာလန်) မိတ်ဖက်များနှင့် ပူးပေါင်းလုပ်ဆောင်သွားမည့် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်ဟု ဂျာမနီကြည်းတပ် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Alfons Mais က ပြောကြားခဲ့သည်။

ခြေလျင်တိုက်ခိုက်ရေးတပ်မများသည် ကြည်းတပ်၏ အဓိကကျသောတိုက်ခိုက်ရေးအင်အားစုများဖြစ်ပြီး သမားရိုးကျပဋိပက္ခတစ်ရပ်တွင် ပြိုင်ဘက်ရန်သူနှင့် တန်းတူယှဉ်ပြိုင် တိုက်ခိုက်နိုင်စွမ်းရှိရန် လိုအပ်မည်ဖြစ်သည်။

အီရတ် သို့မဟုတ် အာဖဂန်နစ္စတန်တွင် ဆယ်စုနှစ်များစွာကြာ တိုက်ပွဲငယ်များကို တိုက်ခိုက်နေခဲ့သော အနောက်တိုင်းနိုင်ငံများသည် ကြည်းတပ်ဖွဲ့စည်းပုံအပေါ် လျစ်လျူရှုခဲ့မှု၊ လက်နက်ခဲယမ်းမီးကျောက်များခွဲထုတ်ကာ သုံးစွဲခဲ့မှုစသည်တို့နှင့်အတူ အနောက်နိုင်ငံများသည် ၎င်းတို့၏ ခြေလျင်တပ်မများကို ပြန်လည်ဖွဲ့စည်းတည်ဆောက်၍ လက်နက်များတပ်ဆင်ပေးရန် ရုန်းကန်နေကြရသည်။



အနောက်နိုင်ငံများက ယူကရိန်းထံ ကျည်အမြောက်အများ ပံ့ပိုးပေးနေချိန်တွင် ၂၀၂၅ ခုနှစ်တွင် တပ်မတစ်ခုအတွက် လက်နက်ခဲယမ်း အလုံအလောက် ပံ့ပိုးပေးရန် ရည်မှန်းချက်ကြီးကြီး ထားနေသော်လည်း စစ်အေးတိုက်ပွဲပြီးဆုံးချိန်ကတည်းက စစ်လက်နက်ပစ္စည်း၊ ခဲယမ်းမီးကျောက်များ ထုတ်လုပ်ပိုင်ဆိုင်၊ သိုလှောင်ထားနိုင်မှုမှာ ဆိုးဆိုးရွားရွားကျဆင်းလျက်ရှိကြောင်း ဗိုလ်ချုပ်ကြီး Mais က အသိအမှတ်ပြုခဲ့သည်။

"ကျွန်တော်တို့ ယူကရိန်းကို ခဲယမ်းမီးကျောက်တွေ အလျင်စလိုပံ့ပိုးနေမယ်ဆိုရင်တော့ အမှာစာအသစ်တွေ မရမချင်း ကျွန်တော်တို့တပ်မအတွက် ဖြည့်တင်းဖို့ ခဲယမ်းတွေမရနိုင်ပါဘူး။ DIY စတိုးဆိုင်မှာလို ခဲယမ်းတွေကို ဝယ်လို့မရပါဘူး။ ထုတ်လုပ်မှုစွမ်းရည်ကလဲ လွန်ခဲ့တဲ့နှစ် ၃၀ လောက်ကတည်းက ကျဆင်းနေပါတယ်"ဟု ဗိုလ်ချုပ်ကြီး Mais က သုံးသပ်ထားကြောင်း သိရသည်။

"ဒီပြဿနာဟာ NATO မိတ်ဖက်နိုင်ငံအားလုံး ရင်ဆိုင်နေရတဲ့ ပြဿနာဖြစ်တယ်။ ဒါပေမဲ့ NATO အတွင်းရေးမှူးချုပ် Jens Stoltenberg က ပြောကြားခဲ့သလို အခုအချိန်မှာ ယူကရိန်းကိုပံ့ပိုးရေးဟာ တိုက်ခိုက်ရေးတပ်မတွေဖွဲ့စည်းရေးထက် ပိုအရေးကြီးပါတယ်"ဟု ၎င်းကအလေးပေး ပြောကြားခဲ့သည်။

**Berlin aims to have "best equipped" NATO army division in Europe in 2025 ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးငရုတ် ၁၄၉၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးငရုတ် ၁၄၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးငရုတ်ဧက ၆၂၉၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငရုတ်ကို စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၊ ယင်းမာပင်မြို့နယ်မှာ တရုတ်နိုင်ငံကို တင်ပို့ဖို့ စိုက်ပျိုးတာတွေလဲရှိလာပြီ။ ဒါကြောင့် ငရုတ်စိုက်ပျိုးမှုကို ဒီနှစ်ဆောင်းကာလမှာ တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်သွားမှာပါ။ ငရုတ်ကို စီးပွားဖြစ် စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ခရိုင်အလိုက် ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၄၄ ဧက၊ ခန္တီးခရိုင်တွင် ၆၈ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၇၂ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၇၆၈ ဧက၊ မုံရွာခရိုင်တွင် ၁၉၆ ဧက၊ ယင်းမာပင်ခရိုင်တွင် ၁၇၉ ဧက၊ ရွှေဘိုခရိုင်တွင် ၃၆ ဧက၊ ရေဦးခရိုင်တွင် ၅၇ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၅ ဧက၊ ကသာခရိုင်တွင် ၄၁ ဧကနှင့် ကောလင်းခရိုင်တွင် ၁၈ ဧက စုစုပေါင်း ၁၄၉၄ ဧက ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၄၄ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၆၅ ဧက၊ ခန္တီးခရိုင်တွင် ဧက၂၀၀၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၇၅၆ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၇၀၄ ဧက၊ မုံရွာခရိုင်တွင် ၁၁၉၆ ဧက၊ ယင်းမာပင်ခရိုင်တွင် ၁၈၀၅ ဧက၊ ရွှေဘိုခရိုင်တွင် ဧက ၁၄၀၊ ရေဦးခရိုင်တွင် ၂၂၇ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၅ ဧက၊ ကသာခရိုင်တွင် ၁၀၉ ဧက၊ ကောလင်းခရိုင်တွင် ၂၉ ဧက စုစုပေါင်းဧက ၆၂၉၀ ဖြစ်ကြောင်း သိရသည်။

ငရုတ်ကို စတင်စိုက်ပျိုးချိန်မှ အသီးသီးချိန်ထိ ကုန်ကျစရိတ်မှာ ငွေကျပ် ၁၅ သိန်း ကုန်ကျကြောင်း၊ ငရုတ်သီးနှံသည် ၁၅ ရက်တစ်ကြိမ် ခူးဆွတ်ရပြီး ခြောက်လထိ ခူးဆွတ်၍ရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ကော့မှူးမြို့နယ် ဇလုပ်ကြီးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကော့မှူး ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ဇလုပ်ကြီးကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးကျော်ညီညီထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ မြို့နယ်စီမံကိန်းတာဝန်ခံက ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကော့မှူးမြို့နယ် ဇလုပ်ကြီးကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# သံတောင်ကြီးမြို့နယ် ရွာကြီးဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဇူလိုင် ၁၈**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာကြီးဟောင်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၉၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် သံတောင်ကြီးမြို့နယ် ရွာကြီးဟောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၆ ဦးကို ငွေကျပ် သိန်း ၃၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၈-၇-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ (၁/၂၀၂၃) အစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၁၈**

အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီးသဘာဝ သယံဇာတများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် စနစ်တကျအသုံးပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊နိုင်ငံတကာနှင့် ဒေသအဆင့် အသိအမှတ်ပြုထိန်းသိမ်းရေးနယ်မြေများအဖြစ် အာဆီယံအမွေအနှစ်ဥယျာဉ်ရှစ်ခု၊ လူသားနှင့်ဇီဝအဝန်းနယ်မြေ နှစ်ခု၊ ရမ်ဆာရေဝပ်ဒေသ ခြောက်ခုနှင့် အရှေ့အာရှသြစတြေးလျဒေသ ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေ ခြောက်ခု သတ်မှတ်ခံရပြီးဖြစ်ကြောင်း။

ကုလသမဂ္ဂပညာရေး၊သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့- (UNESCO)သည် ကမ္ဘာ့ဘူမိဥယျာဉ်အစီအစဉ်ကို ၂၀၀၁ ခုနှစ်တွင် စတင်ခဲ့ရာ လက်ရှိနိုင်ငံပေါင်း ၄၈ နိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ် ၁၉၅ ခုရှိပြီဖြစ်ကြောင်း၊မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ်သတ်မှတ်ခံရနိုင်ရေးအတွက် အလားအလာကောင်းများ ပိုင်ဆိုင်သည့်နေရာအများအပြားရှိသည့်အနက် ပုပ္ပားတောင်ဒေသသည် ပုဂံခေတ်ရှေးဟောင်းသံချက်ဖိုများ၊ ထူးခြားရှားပါးသော ဇီဝမျိုးစုံမျိုးကွဲများနှင့် အစွယ်နှစ်ထပ် ဆင်၏ကျောက်ဖြစ်ရုပ်ကြွင်းမေးရိုးများရှိကြောင်း၊ ပုပ္ပားတောင်ဒေသကိုဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရန် ဘူမိနယ်မြေ ၁၅ ခုဖြင့် ကနဦးအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့အဆင့်ဘူမိဥယျာဉ်အဖြစ် အမည်စာရင်းအဆိုမပြုမီ အမျိုးသားအဆင့်ဘူမိဥယျာဉ်အဖြစ် ဦးစွာသတ်မှတ်ရမည်ဖြစ်သဖြင့်ဆက်စပ်ဝန်ကြီးဌာနများ၊အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ UNESCO စာရင်းတင်သွင်းရန်အတွက် သဘောသဘာဝမတူညီသည့် ဘူမိနယ်မြေအသစ်များကိုလည်း ထပ်မံကွင်းဆင်းဖော်ထုတ်သွားရမည်ဖြစ်ကြောင်း၊

ဘူမိနယ်မြေများသည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားပြီး မတူညီသောစီမံခန့်ခွဲမှုအများအပြားပါဝင်သည့် သဘောသဘာဝရှိသောကြောင့် ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ ဆက်စပ်သည့် ဌာနနှင့်အဖွဲ့အစည်းများ၊ဘာသာရပ်ဆိုင်ရာနှင့် သုတေသနဆိုင်ရာအဖွဲ့အစည်းများအပြင် ဒေသခံပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်မှသာ အမျိုးသားအဆင့်ဘူမိဥယျာဉ်တည်ထောင်ခြင်းနှင့် ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်သတ်မှတ်ခံရရေးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူးက ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ် တည်ထောင်နိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံအတွင်း အလားအလာရှိသော ဘူမိနယ်မြေ၊ ဘူမိဥယျာဉ်များနှင့် ကမ္ဘာ့ဘူမိဥယျာဉ် တည်ထောင်ခြင်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသူများက ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ဖြစ်မြောက်ရေးဆောင်ရွက်နေမှုများ၊ ဘူမိနယ်မြေအသစ်ဖော်ထုတ်ထားမှုများ၊ နိုင်ငံအဆင့် ဘူမိဥယျာဉ် တည်ထောင်ရန်အတွက် အလားအလာရှိသည့် ဘူမိဥယျာဉ်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ဆုံးဖြတ်ချက်များချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဇူလိုင် ၁၈**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲနှင့် မန္တလေးဌာနခွဲတို့မှ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးများဖြစ်သည့် ပုဂံဌာနခွဲမှ ဦးကျော်မျိုးလွင်နှင့် မန္တလေးဌာနခွဲမှ ဒေါက်တာသန်းထိုက်၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ ကြုံတွေ့နေရသည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**မျိုးကျော်**

# တပ်မတော်တွင် တတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ပထမနေ့ ဆောင်ရွက်





**တပ်မတော်တွင် တတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်စဉ်။**

**နေပြည်တော် ဇူလိုင် ၁၈**

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုးလူနာနှစ်ဦးကိုလည်းကောင်း၊ ဒုတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀၊ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တို့တွင် အသည်းအစားထိုးလူနာသုံးဦးကိုလည်းကောင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ ယခုအခါ တတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို လူနာသုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာ ဦးပြည့်ဖြိုးဇော်နှင့် ညီမဖြစ်သူ အသည်းအလှူရှင် ဒေါ်သွယ်နီကိုတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၄ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့်ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု၊ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်ဆေးရုံကြီးများမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကျောက်ဖြူမြို့နယ် ဂုံးချွန်ကျေးရွာအုပ်စု လယ်ဒါပြင်ကွင်း ကွင်းအမှတ်(၄၅၁)၌ တောင်သူတစ်ဦး၏ လယ်မြေတွင် မိုးစပါး စိုက်ပျိုးရန် ကွင်းသရုပ်ပြပွဲ ကျင်းပစဉ်။



ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု ကွင်း(၂၇၀-E) လက်ဝဲဒက်မြောက်ကွင်း ဦးပိုင်အမှတ်(၄၆)တို့၌ စုပေါင်းထွန်ယက်ပွဲ ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဂုံးချွန်ကျေးရွာအုပ်စု လယ်ဒါပြင်ကွင်း ကွင်းအမှတ် (၄၅၁) ၌ တောင်သူတစ်ဦး၏ လယ်မြေတွင် မိုးစပါးစိုက်ပျိုးရန် ကွင်းသရုပ်ပြပွဲကို သွားရောက်ကြည့်ရှုအားပေးပြီး အစိုးရရပ်ကွက်ရှိ မဟာသတိပဋ္ဌာန် မင်းဒွိန်တောရ ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလစာရထံ သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မြို့ပေါ်ရပ်ကွက်များရှိ အသက် ၈၅ နှစ်အထက် အဘိုး၊ အဘွားများအား လူမှုရေးပင်စင်များကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်သည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု ကွင်း (၂၇၀-E) လက်ဝဲဒက်မြောက်ကွင်း ဦးပိုင်အမှတ် (၄၆) တို့၌ စုပေါင်းထွန်ယက်ပွဲကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ သံတွဲမြို့သို့ရောက်ရှိနေသော ဗိုလ်ချုပ်စိုးနိုင်ဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက် အမှာစကားပြောကြားပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှုကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မာန်အောင်မြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်ဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ခအုန်းမော်ကျေးရွာအုပ်စုနှင့် တောထူကျေးရွာအုပ်စုတို့ရှိ အဘိုး၊ အဘွားများကို သက်ဆိုင်ရာနေရာများ၌ လူမှုရေးပင်စင်ထောက်ပံ့ငွေများပေးအပ်ပြီး ခအုန်းမော်ရွာသစ်ကျေးရွာ ကွင်းအမှတ် (၈၆၀) ရှိ ဒေသခံတောင်သူတစ်ဦး၏ လယ်မြေတွင် ဆင်းသုခစပါးစိုက်ပျိုးနေမှုနှင့် ထွန်ယက်နေမှုများကို သွားရောက်ကြည့်ရှုသည်။ ယင်းနောက် တောထူကျေးရွာရှိ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ စပါးအထူးအထွက်နှုန်းတိုးရေးအတွက် လုပ်ဆောင်ရမည်များကိုဆွေးနွေးပြီး စပါးမျိုးစေ့ထုတ်ပျိုးခင်းအား သွားရောက်ကြည့်ရှုကာ အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မောင်တောမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်ရဲစခန်းအတွင်းရှိ နေအိမ်လိုင်းခန်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေး၊ ဖုံးသွန်လဲစစ်လုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် မြို့ဦးကျေးရွာအုပ်စု ဇူလကျေးရွာရှိ ကွင်းအမှတ် (၁၀၁/ယ)ရှိ ဒေသခံတောင်သူများ၏လယ်မြေ၌ မိုးစပါး ဆင်းသွယ်လတ်မျိုးစပါး ပျိုးထောင်ထားရှိမှုနှင့် ထွန်ယက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# လင်းခေးမြို့နယ်၊ မိုင်းဆန်မြို့၊ ကျုံပျော်မြို့နယ်နှင့် မုံရွာမြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်နှင့် မိုင်းပန်မြို့တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာနေရာများ၌ သွားရောက်တွေ့ဆုံပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများ အသီးသီး ထောက်ပံ့ပေးအပ်သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက အဆိုပါမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ယူနီဖောင်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက အဆိုပါမြို့နယ်ရှိ အောင်ဇေယျ စစ်မှုထမ်းဟောင်းအိမ်ရာရှိ အောင်ဇေယျခန်းမ၌ သွားရောက်တွေ့ဆုံပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



# စုပေါင်းလုပ်ကြမှသာ

တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး၊ အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ရက် ည ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲတွင် ပြောကြားခဲ့သည့်
မိန့်ခွန်းမှ ကောက်နုတ်ချက်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒီဇင်ဘာအိမ်ရာ ချယ်ရီ(၁)လမ်း အခန်းအမှတ်(၃၀၂) တိုက်အမှတ် (၁၁၉)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသား နိုင်ငံရေး အားမာန်သစ်ပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၇-၇-၂၀၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၏ အလံပုံစံ



အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## (၇၆)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥဩဆွဲရန်

**နေပြည်တော် ဇူလိုင် ၁၈**

ဇူလိုင် ၁၉ ရက် **(ယနေ့)** (ဗုဒ္ဓဟူးနေ့) (၇၆)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥဩဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန၊ ရုံးအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဇူလိုင် ၁၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၁၈**

ဇူလိုင် ၁၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၆၄၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၉၁၂ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၇၁၃ ဦး |

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော ဒီဂျစ်တယ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူပြုစေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်၏ နန်းသီတာဘက်စုံ စိုက်ပျိုး၊ မွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံ စိုက်ပျိုး၊ မွေးမြူရေးစခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။**



# လားရှိုးမြို့၊ ကွတ်ခိုင်မြို့နှင့် စစ်တွေမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ နယ်လှည့်ဆေးကုသရေးအဖွဲ့က မုန်တိုင်းသင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တောရကျောင်းတိုက်နှင့် ကွတ်ခိုင်မြို့ရှိ ပြည်လုံးချမ်းသာ ဘုန်းတော်ကြီးကျောင်းတိုက်တို့မှ သံဃာတော် ၁၄၄ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၁၄ ပါးနှင့် ဒေသခံပြည်သူ ၃၇ ဦးတို့ကို ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက သတ်မှတ်နေရာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် သင်ပုန်းတန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ မုန်တိုင်းသင့်ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၈**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၇ သင်းနှင့် အမျိုးသမီးအသင်း ၁၂ သင်းဖြင့် ဇူလိုင် ၃၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အရာတော်မြို့နယ် ငွေတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် သံဃာတော် သုံးပါး ထိခိုက်ဒဏ်ရာရရှိပြီး အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦးသေဆုံးခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ၁၉-၇-၂၀၂၃ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နတ်ဆိုး PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ဆေးကုသမှု ခံယူနေသူတစ်ဦးကို ကျန်းမာရေး အခြေအနေများ ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Kan Bo Motorcycle Industrial Co.,Ltd. က တင်သွင်းလာသော Kanbo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ၂၀၃ စီးသည် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၁၈**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ် အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာ စွာဖြင့် ရောင်းချပေးစဉ်။

➤ ➤ ➤

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ


**နေပြည်တော် ဇူလိုင် ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၁၇ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aung Chit Phyo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ (၂)ရပ်ကွက်နေ အောင်ချစ်ဖြိုးကို မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မြင်းခြံနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။




# ကံကြီးထိုက်သူ

စိုးလနေ(ရန်ကုန်)

(၁)

အသက် ၁၀၀ မနေရသော်လည်း အမှု ၁၀၀ ကြုံရသည့်လူ့ဘဝမှာ ဒေါ်ချောလှလည်း လူသားထဲက လူသားပေမို့ ကံဇာတ်ဆရာအလိုကျ ရှုပ်ထွေးသည့် အမှုများဖြင့်ရင်ဆိုင်ခဲ့ရသည်။ ထိုအမှုများကို ဒေါ်ချောလှ ရပ်တကာလှည့်၍ ရှာဖွေခဲ့ခြင်းမဟုတ်။ ထိုအမှုများက ဒေါ်ချောလှထံ အကြောင်းဖန်ကာ ရောက်ရှိလာခြင်းပင်။

(၂)

ချောလှသည် ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ဘဝလှပခဲ့သူမဟုတ်။ သူ အသက် ၁၀ နှစ်သမီးအရွယ်တွင် အဖေဆုံးပါးသွားသည်။ တစ်နှစ်ခန့်ကြာသော် အမေက အားကိုးမရှိဘူးဆို၍ နောက်အိမ်ထောင်ပြုခဲ့သည်။ နောက်အိမ်ထောင်က အရက်သမား ယစ်ထုတ်ကြီးတစ်ယောက်ပင်။ အမေ၏ ငယ်ချစ်ဦးဆိုလည်း မမှားပေ။ အမေ၏တွက်ကိန်းမှားသွားသည်ဟု ဆိုနိုင်သည်။ အားကိုးရမလားဟု ယူမိကာမှ အားကိုးမရဘဲ သူ့အရက်ဖိုးကိုပင် အမေက ရှာပေးနေရသည်။ ပထွေးဖြစ်သူက သွေးဆိုးသည်။ အမေနှင့် ပထွေး စကားများတိုင်း ပထွေးက အမေ့ကို ရိုက်နှက်တတ်သည်။ ပထွေးက အမေ့အပေါ် ဆိုးသော်လည်း ချောလှအပေါ်တော့ ကောင်းသည်။ ချောလှလိုချင်တာ မုန့်သမျှဖြည့်ဆည်းပေးတတ်သည်။ အမေဖြစ်သူက ချောလှကိုဆူရိုက်လျှင် ပထွေးဦးတင်လှက ကလေးကို မရိုက်ရန် အမေ့ကို ဖျောင်းဖျပြောဆိုတတ်သည်။ ချောလှ မုန့်ဖိုးတောင်းလျှင်လည်း ဦးတင်လှက အရက်ဖိုးချန်ထားသည့်အထဲမှ ချောလှကို ပေးတတ်သည်။ ချောလှအတွက်တော့ ဦးတင်လှမှာ ပထွေးဟုဆိုသော်လည်း အဖေရင်းနှင့် မခြားပေ။ ချောလှက အဖေတစ်ယောက်ရသည်ဟု ခံယူထားသလို ဦးတင်လှကလည်း ချောလှအပေါ် သမီးရင်းပမာပင်။ ပတ်ဝန်းကျင်ကတော့ ထိုသို့ မမြင်။ သူတို့နှစ်ယောက်၏ မေတ္တာသံယောဇဉ်ကြား သပ်လျှိုသွင်းလေသည်။

"ချောလှ တင်လှက နင့်အပေါ်ကောင်းတာ အကြောင်းရှိလိမ့်မယ် သတိထား။ သူက နင့်အဖေရင်း မဟုတ်ဘူး" ဆိုသည့်စကားက တစ်ဖုံ။

"ဒီကောင် အကျိုးလိုလို့ ညောင်ရေလောင်းနေတာနော်ချောလှ။ ယောက်ျားဆိုရင် အဖေရင်းတောင် ယုံရတာ မဟုတ်ဘူး" ဆိုသည့်စကားက တစ်သွယ် စသည်ဖြင့် ပထွေးကိုမယုံရန် ပြောကြလေသည်။

ချောလှအမြင်မှာတော့ ဦးတင်လှသည် အရက်သမားမှန်သော်လည်း ယုတ်မာမည့်သူမျိုးတော့ မဟုတ်တန်ရာ။ သူ့အပေါ် သမီးရင်းကဲ့သို့ ချစ်သည်ကို သူ့အသိဆုံးဖြစ်သည်။

တစ်နေ့ ရွာလယ်က ဦးဖိုးတုတ်အရက်ဆိုင်တွင် ဦးတင်လှ၊ ဦးကဲ၊ ဦးကျော်တို့ အရက်ဝိုင်းဖွဲ့သောက်နေကြသည်။ တဖြည်းဖြည်းရေချိန်ကိုက်လာပြီး-

"ခင်ဗျား မယားပါသမီးလေး ချောလှက တစ်နေ့တခြား ပိုလှလာတယ်နော်"

"မအေတူလို့ ချောတာပေါ့ကွ"

"ခင်ဗျားကတော့ ကံကောင်းတယ်ဗျာ"

"ဘာကံကောင်းလို့လဲ ဖိုးကဲရ၊ မင်းဟာက အရင်းမရှိ အဖျားမရှိနဲ့"

"ကိုကျော်ကလဲ ဒီလိုလေဗျာ။ မယားပါ သမီးဆိုတာ မယားကပါလာတဲ့ သမီးဆိုတော့. . ."

စကားပင်မဆုံးလိုက်။ ဦးတင်လှဝုန်းခနဲထ၍ ဦးကဲ၏ အင်္ကျီကော်လာစကိုဆွဲပြီး ထိုးရန်ရွယ်ရင်း-

"ဟေ့ကောင် မင်းလိုခွေးမျိုးမဟုတ်ဘူး။ စကားကို ဆင်ခြင်ပြော"

"ရန်မဖြစ်ကြပါနဲ့ကွာ။ အချင်းချင်းတွေပဲ။ ဖိုးကဲ မင်းကလဲ မင်းပဲ။ ဒီလိုမပြောသင့်ဘူး။ တင်လှက ချောလှအပေါ် သမီးရင်းလိုချစ်တာကွ"

ထိုစဉ်-

"ဦးလေး ဦးလေးကို အမေခေါ်နေတယ်"

ဦးတင်လှ လှည့်ကြည့်လိုက်တော့ ချောလှဖြစ်နေသည်။

"နင်က ဒီကိုဘာလာလုပ်တာလဲ"

"အမေခေါ်ခိုင်းလို့"

"အရက်ဆိုင်ဆိုတာ မိန်းကလေးမလာသင့်ဘူး သမီး။ နောက်ဆို ဦးလေး အရက်ဆိုင်ထဲမှာရှိရင် လာမခေါ်နဲ့နော်"

"ဟုတ်"

အိမ်ရောက်သော်-

"ဟဲ့ လှရီ ကလေးကို ဘာလို့ အရက်ဆိုင်လွှတ်တာလဲ"

"ရှင်ကအရက်ဆိုင်မှာမို့လို့ ခေါ်ခိုင်းလိုက်တာလေ"

"နင်မွေးထားတာ သမီးမိန်းကလေးနော်။ ခေါ်ချင်ရင် နင့်ဘာသာ နင်လာခေါ်ပါလား"

"ရှင့်သမီး အရက်ဆိုင်မလာစေချင်ရင် ရှင် အရက်ဖြတ်လေ။ ဒါဆို အရက်ဆိုင်မှာလာခေါ်စရာအကြောင်းမရှိဘူး"

ဦးတင်လှ တွေဝေသွားသည်။ ဇနီးဖြစ်သူစကားကို ထပ်တလဲလဲ ကြားယောင်မိပြီး သေချာစဉ်းစားကြည့်သည်။ သူပြောသည်လည်း ဟုတ်ပေသည်။ မိမိအရက်မသောက်တော့လျှင် သမီးလည်း အရက်ဆိုင်သို့ သွားစရာအကြောင်း မရှိတော့။ ထို့နောက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ နောက်ပိုင်းတွင်တော့ ဦးတင်လှ အရက်ဖြတ်သွားလေသည်။

(၃)

ရာသီတွေပြောင်း၊ အချိန်တွေနှောင်း၍ ချောလှပင် အပျိုဖော်ဝင်စအရွယ်သို့ ရောက်ရှိလာပြီ။ ချောလှ ရှစ်တန်းဖြေပြီး ကိုးတန်းတက်ရမည့်နှစ်တွင်ဖြစ်သည်။

တစ်နေ့ ချောလှတစ်ယောက် ဟိုဘက်ရွာက သူငယ်ချင်းဖြစ်သူ မသူဇာနေမကောင်းသည့်သတင်းကြားသဖြင့် သတင်းသွားမေးပြီးပြန်အလာ အိမ်နားရောက်သော် အမေနှင့်ဦးတင်လှတို့ ရန်ဖြစ်သံကို အတိုင်းသားကြားမိသောကြောင့် အိမ်သို့ အသော့နှင်ပြေးလာရာ အိမ်ပေါ်ရောက်သောအခါ ဦးတင်လှက အမေ့ကို ဘောလုံးသဖွယ် လိမ့်ကန်နေသည်ကို တွေ့လိုက်ရသည်။

"ဦးလေး အမေ့ကို မလုပ်ပါနဲ့"

လဲနေသောအမေ့ကို ပြေးပွေ့လိုက်သည်။ ဦးတင်လှကို စိမ်းစိမ်းစိုက်ကြည့်လိုက်ပြီး-

"ဦးလေး လွန်လာပြီနော်။ ကျွန်မအမေကို ထပ်ထိရင် ကျွန်မအဆိုး မဆိုနဲ့"

"နင့်အမေ ငါ့ကွယ်ရာမှာ ဖောက်ပြန်နေတာ နင်သိလား"

"ဦးလေး မဟုတ်တာမပြောနဲ့။ ကျွန်မအမေက တစ်ပင်လဲလို့ တစ်ပင်ထူတာမှန်ပေမဲ့ လင်ရှိလျက်နဲ့ အိမ်ထောင်ရေး ဖောက်ပြန်တဲ့လူ မဟုတ်ဘူး"

ထိုစဉ် အိမ်နီးနားချင်းများက ခြံရှေ့တွင်ဇာတ်ပွဲကြည့်သလို ချောလှတို့မိသားစုရန်ပွဲကို လာကြည့်နေကြသည်။ ချောလှစကားကြောင့် ဦးတင်လှ ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး-

"ကိုယ့်ငါးချဉ် ကိုယ်ချဉ်မနေနဲ့ချောလှ။ နင့်အမေ ရွာလယ်ပိုင်းက ချက်ကြီးနဲ့ ဖောက်ပြန်နေတာကို ငါ့ မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ"

"အဲဒီကောင် လိမ်နေတာ သမီး။ သူဖောက်ပြန်တာကို ဖုံးကွယ်ချင်လို့ အမေ့ကို တမင်စွပ်စွဲနေတာ"

ချောလှ ခေါင်းကုတ်မိသည်။ ပထွေးနှင့်အမေတို့ ဇာတ်လမ်းက ရှုပ်ထွေးနေသည်။ ၁၄ နှစ်သမီး ဦးနှောက်ဖြင့် စဉ်းစားမမီ ဖြစ်နေသည်။ အမေနှင့် ပထွေး တစ်ယောက်နှင့်တစ်ယောက် လက်ညှိုးထိုးနေကြသည်။ သူသိသောအမေနှင့်ဦးလေးမှာ ထိုသို့ လူများမဟုတ်။ အမေက တစ်ပင်လဲ၍ တစ်ပင်ထူခဲ့သည်မှန်သော်လည်း အနေအထိုင်ပိရိသော မိန်းမသားတစ်ယောက်ဖြစ်သည်။ ပထွေးမှာလည်း အမေကလွဲ၍ ကျန်မိန်းကလေးများကို အရောဝင်သူမဟုတ်။ ပထွေးက လူပျိုဘဝကတည်းက မိန်းမအရှုပ် အရှုင်းကင်းသူ။

"ငါ့ဘဝမှာ ပတ်သက်ဖူးတဲ့မိန်းမဆိုလို့ နင်တစ်ယောက်ပဲရှိတာ။ နင့်အပြစ်ကို ကလေးသိမှာစိုးလို့ ငါ့ကိုအပြစ်ဖို့နေတာလား"

"နင် ငါ့အစ်မ စန်းရီနဲ့ တိတ်တိတ်ပုန်းဖြစ်နေတာလေ"

"ဘာ. . ."

ဦးတင်လှက အမေ၏အင်္ကျီစကိုလှမ်းဆွဲပြီး-

"ငါ မစန်းရီကိုကြိုက်မှတော့ နင်နဲ့တောင်ညားစရာ အကြောင်း မရှိဘူး။ စကားကို ဆင်ခြင်ပြော လှရီ။ ငါ အသေသတ်မိလိမ့်မယ်"

"လုပ်လိုက်လေ ငါက လက်မပါတာကျနေတာပဲ"

"တော်ကြပါတော့"

ချောလှ ပထွေးနှင့်အမေ့ကို အော်ပြောလိုက်သည်။ ထိုအခါ ပထွေးက-

"ငါ နင်နဲ့မပေါင်းနိုင်ဘူး။ အိမ်ပေါ်ကဆင်းမယ်"

"ဆင်းမယ်ဆို အခုဆင်း"

"လာ သမီးသွားမယ် နင့်လို မိန်းမလက်ထဲ ငါ့သမီးကို မထားခဲ့နိုင်ဘူး"

"ငါ့သမီးကို ခေါ်သွားစရာအကြောင်းမရှိဘူး"

"နင့်ဆီမှာထားရင် နင့်အကျင့်တွေ ကူးကုန်မယ်။ ဒါမှမဟုတ်လဲ နင့်နောက်လင်က ငါ့သမီးကို နှိပ်စက်လိမ့်မယ်"

"နင်က ငါ့သမီးကို ခိုင်းစားချင်လို့ ခေါ်သွားတာလား။ ငါ့သမီးကို ခေါ်မသွားနဲ့။ ငါ့သမီးကို ဘယ်သူနဲ့မှ စိတ်မချဘူး"

ဒေါ်လှရီလည်း ဆက်၍ပြောမိပြောရာ အနိုင်ပြောနေသည်။ ထိုအခါ ဦးတင်လှ ဒေါသ ငယ်ထိပ်ရောက်သွားသည်။ ချောလှ လက်ကိုလွှတ်၍ ဝါးထရံတွင်ထိုးထားသော ဓားကိုပြေးယူကာ ဒေါ်လှရီကို ပိုင်းချလိုက်သည်။ သွေးအိုင်ထဲ ပုံလျက်သားလဲနေသော ဒေါ်လှရီကို ဦးတင်လှ ကြောင်ကြည့်နေမိသည်။ ထိုစဉ်-

"ခွပ်"

"အား"

ဦးတင်လှ လဲကျသွားသည်။ ချောလှ ဦးတင်လှ ခေါင်းကို ရေတက်ကျည်ပွေ့ဖြင့် အားကုန်ထုလိုက်ခြင်းပင်။ အဖြစ်အပျက်များက မြန်ဆန်လွန်းလှသည်။ ရန်ပွဲကြည့်နေသော အိမ်နီးနားချင်းများလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ထိုစဉ် ဦးတင်လှ၏ အမေနှင့် ဒေါ်လှရီ၏အမေ ရောက်လာသည်။ ဦးတင်လှတို့ ဇနီးမောင်နှံရန်ဖြစ်နေသဖြင့် ဖျန်ဖြေရန်ရောက်ရှိလာခြင်းပင်။ ခမည်းခမက်နှစ်ယောက် လဲကျနေသော သားသမီးနှစ်ယောက်ကိုကြည့်ပြီး-

"ဒါဘယ်လိုဖြစ်တာလဲ ငါ့သမီးလေးသေပြီ"

"ကျွန်မသားလဲ အသက်မရှိတော့ဘူး"

"အမေ့ကို ဦးလေးက ဓားနဲ့ခုတ်လို့ ဦးလေးကို သမီးက ရေတက်ကျည်ပွေ့နဲ့ ထုသတ်လိုက်တာ"


"ဘာ အဲဒါ နင့်အဖေရင်းဟဲ့ မိချောလှရဲ့။ အမယ်လေး. . . ကိုယ်ကျိုးနည်းပါပေ့လား"

ဒေါ်လှရီ၏အမေ ပြောစကားကြောင့် ချောလှ တစ်ယောက် ကိုယ့်နားကိုယ် မယုံနိုင်ဖြစ်သွားသည်။ ဦးလေးက အဖေရင်း ဆိုပါလား။ မှားသွားပြီ။ မိခင်ကိုဓားဖြင့် ခုတ်၍ ဒေါသထွက်ကာ လုပ်မိလုပ်ရာ လုပ်လိုက်ခြင်းက ကံကြီးထိုက်သူဖြစ်သွားပြီ။ ဥပဒေ၏ အရေးယူခြင်းကိုလည်း ခံရပေဦးမည်။ အဖေရင်းဟု မပြောခဲ့သည့်အမေ့ကို အပြစ်တင်ရမလား၊ မိမိကံကိုပဲ ပုံချရမလားဆိုတာ ချောလှ မဝေခွဲတတ်။ အခုတော့ မိဘမဲ့ဖြစ်သွားလေပြီ။

ဤသို့ဖြင့် ချောလှ လူသတ်မှုဖြင့် ထောင်ကျသွားသည်။ အသက်မပြည့်သဖြင့် ကလေးထောင်သို့ ရောက်လေသည်။

စာမျက်နှာ ၂၅ သို့➤

# မအူပင်မြို့နယ်တွင် ဗိုလ်ကီတိပဲအဖြူ တစ်အိတ်လျှင် ငွေကျပ် ၉၆၀၀၀ ထိ ဈေးကောင်းရရှိ



**မအူပင် ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဗိုလ်ကီတိပဲအဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၆၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် မေလနှင့် ဇွန်လက ဗိုလ်ကီတိပဲအဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၁၆၀၀ သာ ဈေးရှိခဲ့ပြီး ဇူလိုင် ၁ ရက်မှ ယနေ့ထိ ဗိုလ်ကီတိပဲအဖြူ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၆၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ ဗိုလ်ကီတိပဲအဖြူများ ဈေးကောင်းရရှိလာခြင်းသည် ဒေသထွက် ဗိုလ်ကီတိပဲအဖြူများ ဝယ်ယူမှုကောင်းလာပြီး အထွက်နည်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“ဒေသထွက် ဗိုလ်ကီတိပဲအဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အရင်လတွေထက် အခုလမှာ သိသိသာသာ အဝယ်ပိုမိုလိုက်လာပါတယ်။ အခု အဝယ်လိုက်နေတဲ့အပြင် ဈေးကောင်းလဲ ရရှိလာပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ၂၄ ပြည်ဝင် တစ်အိတ်ကို ငွေကျပ် ၁၄၄၀၀ ထိ ဈေးပိုရနေပါတယ်။ ဗိုလ်ကီတိပဲဈေးတွေက အခုထက်ကောင်းလာဖို့ပဲ ရှိပါတယ်။ ဒေသထွက် ဗိုလ်ကီတိပဲတွေကို ရန်ကုန်ဈေးကွက်ကလဲ အဝယ်လိုက်နေပါတယ်။ ပဲအထွက်နည်းလာတာနဲ့ အဝယ်လိုက်နေတာကြောင့် ဈေးကောင်းရရှိနေတာပါ။ ဈေးကောင်းလဲရပြီး အဝယ်လဲလိုက်နေတော့ တောင်သူတွေက အဓိကအဆင်ပြေပါတယ်”ဟု မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်အိအိထွေးက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဗိုလ်ကီတိပဲအဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်းနှင့် စပါး၊ ဆန် စသည့်ဒေသထွက်ကုန်များကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင်များထံမှ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

(၄)

ခုနစ်နှစ်ခန့်ကြာသော် ချောလှထောင်ကထွက်လာတော့ ထောင်ထဲ၌ခင်မင်ခဲ့သည့် နှင်းနှင်းဆိုသောအမျိုးသမီးနှင့်အတူ နှင်းနှင်း၏အဒေါ်အိမ်တွင် လိုက်နေဖြစ်သည်။ နှင်းနှင်း၏အဒေါ် အပျိုကြီးက စက်ချုပ်ဆိုင် ဖွင့်ထားသဖြင့် ထိုစက်ချုပ်ဆိုင်၌ပင် နှင်းနှင်းနှင့်အတူ ကူလုပ်ပေးသည်။ ထောင်ထဲနေစဉ်က စက်ချုပ်ပညာကို ကောင်းစွာသင်ယူတတ်မြောက်ခဲ့သော ချောလှအဖို့ အပ်ထည်များကို ပုံစံကျလှပအောင် ချုပ်ပေးနိုင်လေသည်။ ထို့ကြောင့်လည်း နှင်းနှင်း၏အဒေါ်က ချောလှကို ပိုအားထားလေသည်။ နှင်းနှင်းတို့နှင့်နေစဉ် ချောလှတစ်ယောက် ဖူးစာဖက်ကို တွေ့ရှိခဲ့လေသည်။ ချောလှဖူးစာရှင်မှာ ပန်းရန်ဆရာလေး ကိုထွန်းပင်။

ကိုထွန်းမှာ အသောက်အစား၊ အပျော်အပါးကင်းရှင်းပြီး ရိုးသားအေးဆေးသူတစ်ယောက်ဖြစ်သည်။ ချောလှအပေါ်၌လည်း မေတ္တာစစ်မေတ္တာမှန်နှင့် မြတ်မြတ်နိုးနိုး ချစ်လေသည်။ ထို့ကြောင့်လည်း ချောလှက ကိုထွန်းကို ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ခဲ့လေသည်။ ချောလှကိုထွန်းနှင့်အိမ်ထောင်ကျပြီးနောက် သိပ်မကြာလိုက် ကိုထွန်းတစ်ယောက် အကျင့်တွေပျက်လာသည်။ အသောက်အစား ဖက်လာသည်။ အလုပ်သွားပြီး အိမ်ပြန်လာလျှင် ပိုက်ဆံမပါသည်က များသည်။ ပိုက်ဆံမပါသဖြင့် ချောလှ ကိုထွန်းနှင့်ညတိုင်းလိုလို ရန်တကျက်ကျက်ဖြစ်ရသည်။ ရန်ဖြစ်တိုင်း ကိုထွန်းက ချောလှကို ရိုက်နှက်တတ်သည်။

ချောလှမှာ ရွှေမှတ်၍ အရယူလိုက်သည့်အရာက ကြေးဖြစ်နေသဖြင့် ဆုပ်လည်းစူး စားလည်းရူးဖြစ်ကာ သောကပင်လယ်ဝေနေရသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း ဖခင်ကိုသတ်ခဲ့သည့်သမီးမိုက်ကို ပြစ်ဒဏ်ခတ်ခြင်းပေလော။ ချောလှ ကိုထွန်းကို သည်းခံပေါင်းသင်းရင်း မခံနိုင်သည့်အဆုံး တစ်နေ့၌ ရင်ထဲစုဆောင်းထားသည့်ဒေါသများမှာ ချိန်ကိုက်ဗုံးပေါက်ကွဲသည့်နှယ်။ ထိုနေ့က ကိုထွန်း မူးမူးနှင့် ရန်ရှာလေသည်။ တစ်ယောက်တစ်ခွန်းစကားများရာမှ လက်ပါလာကြကာ တစ်ယောက်နှင့်တစ်ယောက် ထုကြနက်ကြရင်း ချောလှ အနီးရှိစားပွဲပေါ်က ကတ်ကြေးယူကာ ကိုထွန်းရင်ဝကို ဆောင့်ထိုးချလိုက်သည်။ ကိုထွန်းနေရာတွင်ပင် ပွဲချင်းပြီးသွားလေသည်။ ချောလှနောက်တစ်ကြိမ် ထောင်နန်းစံရပြန်သည်။

(၅)

ချောလှ ထောင်ကလွတ်လာတော့ သူ့သူငယ်ချင်း နှင်းနှင်းရှိရာသို့ပင် လှမ်းလာခဲ့သည်။ ထိုအချိန်တွင် နှင်းနှင်းမှာ အသင့်အတင့်ချမ်းသာနေပြီဖြစ်သည်။ နှင်းနှင်းဆီရောက်တော့-

“သူငယ်ချင်း နင်လွတ်လာပြီလား”

“အေး နင်ကောင်းစားနေပါလား”

“ဒီလိုကောင်းစားတာ အရောင်းအဝယ်လုပ်လို့ပေါ့ဟဲ့”

“ဘာအရောင်းအဝယ်လဲ”

ချောလှအနား နှင်းနှင်းကပ်၍ ပြောလိုက်သည်။

“ငါလဲ လုပ်ချင်တယ်”

“အလျှော်အစား များတယ်နော် သူငယ်ချင်း”

“ဝက်ဖြစ်တော့မှ မစင်မကြောက်တော့ဘူးနှင်းနှင်း”

“ဒါဆိုလဲ ပြီးရော၊ ငါနဲ့တွဲလုပ်ကြည့်ပေါ့။ ကျွမ်းကျင်လာမှနင့်ဘာသာနင်လုပ်ရှား”

“အေး ကောင်းပြီ”

ထိုအလုပ်က ငွေရလွယ်သည့်အလုပ်မို့ ချောလှ လုပ်ခြင်းဖြစ်သည်။ မိမိဘက်က အရင်းအနှီးစိုက်စရာမလိုဘဲ အမြတ်များများရသည်။ အန္တရာယ်တော့ရှိသည်။ ရှောင်တတ်၊ တိမ်းတတ်ရသည်။ ချောလှ ထိုအလုပ်လုပ်ရင်း ငွေတော်တော်လေး စုမိဆောင်းမိလာသည်။ အရင်တုန်းကတော့ စုမိဆောင်းမိလျှင် လုပ်ငန်းပြောင်းမည်ဟုစိတ်ကူးမိသော်လည်း ယခုတော့ ငွေရပေါက်ကိုသိနေသဖြင့် လောဘတက်ကာ လုပ်ငန်းမပြောင်းမိ။ ထိုသို့လုပ်ငန်းမပြောင်းခြင်းကပင် သူ့အတွက် ကြမ္မာဆိုးဝင်ခြင်းပင်။ တစ်နေ့ သူ့လောဘက သူ့ကိုသတ်ရန်အကြောင်းဖန်လာသည်။ မူယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုဖြင့် ချောလှ အဖမ်းခံရလေသည်။ ထိုအမှုဖြင့် ထောင်ဒဏ်အနှစ် ၂၀ ကျသွားပြန်သည်။

၁၅ နှစ်ခန့်ကြာသော် ချောလှ ထောင်က ပြန်လွတ်လာသည်။ ထောင်ဘူးဝသို့ရောက်သောအခါ သီလရှင်တစ်ပါး သူ့ကိုပြုံးပြလျက် သူ့အနားသို့ လှမ်းလာလေသည်။ ထိုသီလရှင်ကို မြင်ဖူးသလိုရှိသည်ဟု စဉ်းစားရာမှ အနားရောက်သောအခါ သူငယ်ချင်း နှင်းနှင်းက သီလရှင် ဒေါ်ဓမ္မစာရီဖြစ်နေသည်။

(၆)

ဒေါ်ချောလှ အချိုးအကွေ့၊ အလှည့်အပြောင်းများသည့် သူ့ဘဝအကြောင်းကို စဉ်းစားရင်း သက်ပြင်းချမိသည်။ မိမိသက်တမ်းတစ်ဝက်လောက်က ထောင်ထဲ၌ ကျင်လည်ခဲ့ရသည်။ ထိုအရာကလည်း အဖေ့ကိုသတ်ခဲ့သည့် အကုသိုလ်ကံကြောင့်ဟု ထင်သည်။

ထိုအကုသိုလ်ကံလျော့ပါးရန်အတွက် တရားရိပ်၌ခိုလှုံကာ ယောဂီဝတ်၍ တရားအားထုတ်ခဲ့သည်။ ယခုဘဝ၌ တရားထူး မရနိုင်မှန်းသိသော်လည်း အကုသိုလ်အပြစ်လျော့ရန် ရည်ရွယ်အားထုတ်ခြင်းပင်။ လောက၌ မသိ၍မှားသည်ဖြစ်စေ၊ သိ၍ မှားသည်ဖြစ်စေ အပြစ်ဒဏ်ကတော့အတူတူပင်။ ကံကြီးထိုက်သူအဖို့ ဘဝ၌ဆင်းရဲဒုက္ခအမှုပေါင်းစုံဖြင့် ရင်ဆိုင်ကြုံတွေ့ရမည်သာ။ ဒေါ်ချောလှ အတွေးရေယဉ်ကြောထဲ နစ်မျောနေစဉ်-

“ဒကာမကြီး တရားအားထုတ်ဖို့အချိန်နီးပြီ”

“တင်ပါ့ဆရာလေး”

သီလရှင် ဒေါ်ဓမ္မစာရီနှင့်အတူ ဒေါ်ချောလှတစ်ယောက် တရားထိုင်ရာ ခန်းမဆီသို့ ကာယနုဿတိ သတိပဋ္ဌာန်ပွားများရင်း လျှောက်လှမ်းလာခဲ့တော့သည်။

## ရှစ်ရက်မြောက်

\- ဘဝသက်တာ ငယ်စဉ်မှာတည့်
တစ်ခါတစ်ရံ အောင်ပန်းပန်လျက်
မာန်တဟူးဟူး ပျော်ခဲ့ဖူးသည်
ချီးကျူးမှုတွက် ခုနစ်ရက်။

\- ဘဝင်နှလုံး ရွှင်မပြုံးနိုင်
ရှုံးခဲ့တစ်ခါ ဘဝတာဝယ်
မာနကြွေပွဲ့ တမဲ့မဲ့လျှင်
ကဲ့ရဲ့မှုတွက် ခုနစ်ရက်။

\- သြော်. . .
ချီးမွမ်းကဲ့ရဲ့ အလှည့်လှည့်သာ
ပြုံးမဲ့ကူးစက် ခုနစ်ရက်တည့်
ပျော်မက်သောက ကြုံခဲ့ရလည်း
ဓမ္မသိဖက် ရလာသက်ဝယ်
ရင့်ကျက်သည့်ထုံး မြတ်နှလုံးဖြင့်
နိုင်ရှုံးတက်ဆုတ် မတုန်လှုပ်တော့
ကျွန်ုပ်ရေတွက် သည်နံနက်လျှင်
ရှစ်ရက်မြောက်သောနေ့ပါတကား။ ။

**ချစ်စုအောင်**

# ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာချင်းဆက် မြေသားလမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန်နှင့် လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်စေရန်ရည်ရွယ်၍ လက်ပံပြား-ကြက်ဖြူတဲ-ဇလင်းတောင် ကျေးရွာချင်းဆက်မြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျံလင်း၊ ညောင်ဦးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအေးလွင်၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ဖြိုးဖြိုးသိမ့်နှင့် တာဝန်ရှိသူများက ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ လက်ပံပြား-ကြက်ဖြူတဲ-ဇလင်းတောင် ကျေးရွာချင်းဆက်မြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျံလင်းက လမ်းနှင့်ပတ်သက်၍ ရေထွက်ပေါက်များ ထည့်သွင်းဆောင်ရွက်သွားရန်နှင့် လမ်းပုံပေါ်စေရေး သတ်မှတ်လမ်းဒီဇိုင်းအတိုင်း ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

လက်ပံပြား- ကြက်ဖြူတဲ-ဇလင်းတောင် ကျေးရွာချင်းဆက်လမ်းအရှည် ၄၆ မိုင်၊ အကျယ် ၂၄ ပေ၊ အမြင့်နှစ်ပေရှိ မြေသားလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၉၈ ဒသမ ၉၉၅ သန်းဖြင့် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်မြေသားလမ်းခင်းခြင်းလုပ်ငန်းပြီးစီးပါက လက်ပံပြား၊ ယင်းမာကုန်း၊ ကြက်ဖြူတဲ၊ ဇလင်းတောင်နှင့် တံခွန်တိုင်ကျေးရွာရှိ အိမ်ခြေ ၁၄၇၇ အိမ်မှ လူ ၅၇၅၂ ဦး အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ပြီး ဒေသထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**အေးသူ**

# တရားမမှုတွင် အယူခံဝင်ခွင့်ရှိသူနှင့် မရှိသူ

**စိန်လှိုင်ပိုလ်**

တရားမဥပဒေတည်းဟူသော လွန်စွာနက်ရှိုင်းလွန်းလှသည့် ပင်လယ်သမုဒ္ဒရာထဲမှ ဥပဒေအကြောင်းကို ထပ်တလဲလဲရေးရပြန်ပါဦးမည်။ ဥပဒေလောကသားအားလုံးနှင့် ပြည်သူအများအားလုံး သိသင့်၊ သိထိုက်သည်လည်းဖြစ်သည်။ အယူခံဝင်ခြင်းအကြောင်းဖြစ်သည်။ အယူခံဝင်ခြင်းဆိုသည်မှာ တရားရုံးတစ်ရုံးက ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်ကြောင့် ထိခိုက်နစ်နာသူက အယူခံဝင်နိုင်သည်။ ထိုသို့ အယူခံဝင်ရာတွင် မူလအမှုတွင် အမှုသည်အဖြစ် ပါဝင်ခြင်းမရှိသူက အယူခံဝင်နိုင်သလားဟူသော ပြဿနာတစ်ရပ်ပေါ် ပေါက်ခဲ့ဖူးသည်။

**အမှုဖြစ်စဉ်အကျဉ်း**

ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) ၁၉၉၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၄ တွင် တရားလို ဦးလှအောင်နှင့် ဒေါ်အေးစန်းရီတို့က ဒေါ်ဌေးရီအပေါ် တရားလိုများက ဝယ်ယူလက်ရောက်ရရှိနေထိုင်ပြီးဖြစ်သော အိမ်နှင့်မြေကို စာချုပ်ကတိအတိုင်း အရောင်းအဝယ်အတည်ပြုမှတ်ပုံတင်ပေးစေလိုမှုစွဲဆိုရာ တရားရုံးက ဦးလှအောင်တို့စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို (မူလရုံးအမှုတွင် အမှုသည်အဖြစ် မပါဝင်သူ)တို့က မကျေနပ်၍ တရားရုံးချုပ်သို့ တရားမပထမ အယူခံမှုတင်သွင်းခဲ့သည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် (၂၁)၊ မြေကွက်အမှတ်(၃-စီ) (အလျား ၂၅ ပေ၊ အနံပေ ၅၀) မြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ်(၂၀) အောင်ချမ်းသာလမ်း အမှတ် (၈) ရပ်ကွက် ကမာရွတ်မြို့နယ်ဟု ခေါ်တွင်သော အိမ်နှင့် ဆိုင်တို့ကို မူလရုံးတရားလို ဦးလှအောင်နှင့် ဒေါ်အေးစန်းရီတို့က ဦးမောင်မောင်ကြီး (ကွယ်လွန်) နှင့် ဒေါ်ဌေးရီ (မူလရုံးတရားပြိုင်)တို့ထံမှ ၁၉၈၇ ခုနှစ် အောက်တိုဘာ ၁၃ ရက်နှင့် ၁၉၉၁ ခုနှစ် စက်တင်ဘာ ၂၆ ရက်စွဲပါ စာချုပ်များဖြင့် တန်ဖိုးငွေကျပ် ၈၂၀၀၀၀ ပေးချေ၍ ဝယ်ယူခဲ့သည်။ လက်ရှိလက်ရောက်ရယူနေထိုင်ခဲ့သည်။

ရောင်းသူများသည် ရောင်းချစဉ်က ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းအဖြစ် ဦးထွန်းဖေ (ဦးမောင်မောင်ကြီး၏ဖခင်)နှင့် ဦးကြည်ဝင်းတို့နှစ်ဦးက ဦးမောင်မောင်ကြီးထံသို့ အချင်းဖြစ်အိမ်နှင့်မြေကို စွန့်လွှတ်သည့် ၁၉၈၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်စွဲပါ စွန့်လွှတ်စာချုပ်ကို ပေးအပ်ခဲ့သည်။ ထို့ပြင် တရားလို (ဝယ်သူတို့) အလိုရှိသည့်အချိန်တွင် မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးပါမည်ဟု တရားပြိုင်တို့က ပြောကြားခြင်းကို တရားလိုတို့က ယုံကြည်ခဲ့သည်။ ဦးမောင်မောင်ကြီးသည် ၁၉၉၇ ခုနှစ် မေ ၁၄ ရက်တွင် ကွယ်လွန်သဖြင့် တရားလိုတို့က တရားပြိုင် ဒေါ်ဌေးရီအား မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးရန် ပြောဆိုရာ ဒေါ်ဌေးရီက ငြင်းဆိုလာကြောင်း ဖော်ပြ၍ ၁၉၈၇ ခုနှစ် အောက်တိုဘာ ၁၃ ရက်နှင့် ၁၉၉၁ ခုနှစ် စက်တင်ဘာ ၂၆ ရက်စွဲပါ စာချုပ်များကို တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးရန် စွဲဆိုခြင်းဖြစ်ကြောင်း မူလရုံးတရားပြိုင် ဒေါ်ဌေးရီမှာ ဆင့်စာအတည်ဖြစ်သော်လည်း လာရောက်ချေပခြင်းမရှိသဖြင့် မူလရုံးက တရားလိုဘက်ကို စစ်ဆေးပြီး စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့ကြောင်း တရားရုံးချုပ်က အမှုကိုစိစစ်ခဲ့သည်။

တင်သွင်းလာသော တရားမပထမအယူခံမှုတွင် အယူခံတရားလို ဒေါ်အမာနှင့် ဒေါ်ခင်ထွေးတို့သည် မူလအမှုတွင် အမှုသည်အဖြစ် ပါဝင်ခဲ့သူများ မဟုတ်ပေ။ သို့ရာတွင် အယူခံတရားလိုတို့က အယူခံတရားပြိုင်များသည် ၎င်းတို့မသိအောင် တမင်ဖုံးကွယ်လျက် မမှန်မကန်ရယူသွားသော တစ်ဖက်သတ်အမိန့်နှင့် ဒီကရီသည် အယူခံတရားလိုများ၏ တရားဝင်ဆက်ခံပိုင်ဆိုင်သော အကျိုးခံစားခွင့်များကို တိုက်ရိုက်ထိခိုက်ပြီး နစ်နာနေသည်ဟုဆိုကာ စီရင်ထုံးများကို ရည်ညွှန်းကိုးကား၍ အယူခံဝင်ခွင့်ပြုရန် လျှောက်ထားခဲ့သည်ကို တရားရုံးချုပ်က ဖော်ထုတ်စိစစ်ခဲ့သည်။

အယူခံဝင်ခြင်းနှင့်စပ်လျဉ်းသည့် အခြေခံသဘောတရားမှာ တရားရုံးတစ်ရုံးရုံးက ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်ကြောင့် အကြီးအကျယ်ထိခိုက်နစ်နာသူက ၎င်းဒီကရီ သို့မဟုတ် အမိန့်ကို အယူခံဝင်နိုင်ကြောင်း **ဦးမြင့်လွင်နှင့် ဒေါ်ကျင် အမှု ၁၉၃၅ အေအိုင်အာရ် ရန်ကုန် စာ-၃၅၅ အမှုတွင်** စီရင်ထုံးဖွဲ့ထားသည်။ အယူခံဝင်လိုသော အမိန့် သို့မဟုတ် ဒီကရီကို ချမှတ်ထားသည့်အမှုတွင် အမှုသည်အဖြစ် မပါဝင်သူတစ်ဦးသည် ယေဘုယျအားဖြင့် အယူခံဝင်ခွင့်မရှိကြောင်း၊ သို့ရာတွင် အမှုသည်မဟုတ်သူတစ်ဦးသည် ဒီကရီအရ ထိခိုက်နစ်နာမည့်အပြင် မီးသေသောဆုံးဖြတ်ချက်ဖြင့် အကျိုးသက်ရောက်မည်ဆိုပါက အယူခံရုံး၏ခွင့်ပြုချက်ဖြင့် အယူခံဝင်နိုင်ကြောင်း **ညွန်ကြားရေးမှူးချုပ် အိုးအိမ်ဦးစီးဌာန အုန်းပင်ရွဲကပ်ရှိ (၈) မောင်အေးနှင့် ဗျန်ဒရာဒေဝီ (၈) ဒေါ်မြစင်ပါ-၁၀ အမှု ၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံ မတ၈ စာ-၁၆၆ အမှုနှင့် ဒေါ်မြင့်သိန်း (၈) အမိန့် ပါ-၂ နှင့် ဦးမြင့်သိန်းပါ-၆ အမှု ၁၉၉၅ ခုနှစ်၊ မတ၈ စာ-၁၃၅** အမှုတို့ကို တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။



မူလအမှုတွင် အယူခံတရားလို ဒေါ်အမာနှင့် ဒေါ်ခင်ထွေးတို့သည် မူလအမှုသည်အဖြစ် မပါဝင်သောကြောင့် မူလရုံးမှချမှတ်သော ဒီကရီသည် ၎င်းတို့အပေါ် အတည်ဖြစ်ရန်အကြောင်းမရှိကြောင်း၊ ဒီကရီသည် တစ်ဦးတစ်ယောက်အပေါ် အတည်ဖြစ် (Binding) မှသာ ထိုသူကို အကြီးအကျယ်ထိခိုက်နစ်နာစေမည်ဖြစ်သည်။ သို့ဖြစ်ရာ မူလရုံး၏ ဒီကရီသည် အယူခံတရားလိုတို့အပေါ် အကြီးအကျယ်ထိခိုက်ရန်အကြောင်းမရှိကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

အမှုသည်မဟုတ်သူက အယူခံဝင်ခွင့်နှင့်စပ်လျဉ်း၍ တရားရုံးချုပ်စုံညီခုံရုံးက ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်-၈၁ ဦးညွန့်မောင်နှင့် ဦးသာထွန်းပါ-၂ အမှုတွင်

"အယူခံဝင်လိုသော အမိန့် သို့မဟုတ် ဒီကရီကို ချမှတ်ထားသည့်အမှုတွင် အမှုသည်အဖြစ် မပါဝင်သူတစ်ဦးသည် ယေဘုယျအားဖြင့် အယူခံဝင်ခွင့်မရှိချေ။ အမှုသည်မဟုတ်သူတစ်ဦးသည် ဒီကရီအရ ထိခိုက်နစ်နာမည့်အပြင် မီးသေသောဆုံးဖြတ်ချက်အဖြစ် အကျိုးသက်ရောက်မည်ဆိုပါက အယူခံရုံး၏ခွင့်ပြုချက်ဖြင့် အယူခံဝင်နိုင်သည်"ဟု ထုံးဖွဲ့လမ်းညွှန်ထားသည်ကို တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

မူလရုံးတရားလို ဦးလှအောင်၊ ဒေါ်အေးစန်းရီနှင့် မူလရုံးတရားပြိုင် ဒေါ်ဌေးရီတို့ကြား တရားဆိုင်ခဲ့သည့်အမှုတွင် ချမှတ်သည့်စီရင်ချက်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၁ အရ အယူခံတရားလိုတို့အပေါ် မီးသေရန်အကြောင်းမရှိကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

ဤအယူခံမှုတွင် အချင်းဖြစ်ပစ္စည်း (မြေကွက်အမှတ် ၃-စီ/၂)သည် ဦးကြွယ်နှင့် ဦးကျော်တို့အမည်ပေါက်ဖြစ်သည်မှာ အငြင်းမပွားကြောင်း၊ ဦးကြွယ်တွင် အိမ်ထောင်နှစ်ဆက်ရှိခဲ့ရာ အချင်းဖြစ်ပစ္စည်းသည် ဦးကြွယ်၏ ပထမအိမ်ထောင်လက်ထက်မှဖြစ်ကြောင်းလည်း နှစ်ဖက်အငြင်းပွားမှုမရှိကြောင်း၊ အချင်းဖြစ်မြေ၏ မြေပိုင်ရှင်ဖြစ်သူ ဦးကြွယ်၏ ပထမအိမ်ထောင်မှသားမှာ ဦးထွန်းဖေဖြစ်ပြီး ဦးမောင်မောင်ကြီးသည် ဦးထွန်းဖေ၏သားဖြစ်၍ ရောင်းချသူ ဦးမောင်မောင်ကြီးသည် အချင်းဖြစ်ပစ္စည်း၌ အခွင့်အရေးတစ်စုံတစ်ရာမရှိဟုမဆိုနိုင်ကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

အယူခံတရားလိုများ၏ရှေ့နေ တင်ပြချက်အရ အယူခံတရားလိုတို့သည် ဦးကြွယ်၏ ဒုတိယအိမ်ထောင်ဆက်မှ သမီးများဖြစ်သည်ဟုဆိုသည်။ ဦးကြွယ်နှင့် ဦးကျော်တို့တွင် အခြားအမွေဆက်ခံသူတို့လည်းရှိသေးကြောင်း အယူခံတရားပြိုင်ဘက်မှ တင်ပြထားသည်။ အယူခံတရားလို ဒေါ်အမာနှင့် ဒေါ်ခင်ထွေးတို့သည် အချင်းဖြစ်ပစ္စည်းတွင် အမွေဆက်ခံခွင့်ရှိကြောင်း ပေါ်လွင်ခြင်းမရှိသေးသည်ကို တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

အယူခံတရားလိုတို့တင်ပြသော ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် မှတ်ပုံတင်စာချုပ်အမှတ် ၁၄၇၉/၉၈ အရပင် ၎င်းတို့ပိုင်ဆိုင်ကြောင်း ကြေညာရာ၌ အချင်းဖြစ်ပစ္စည်းဖြစ်သည့် ကမာရွတ်မြို့နယ်ရှိ မြေကွက်ပါဝင်ခြင်းမရှိရာ မူလရုံး၏ ဒီကရီသည် အယူခံတရားလိုတို့အပေါ် ထိခိုက်နစ်နာစေသည်ဟု မည်သို့မျှဆိုနိုင်မည်မဟုတ်၍ အယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ဒေါ်အမာပါ-၂ နှင့် ဒေါ်ဌေးရီပါ-၃ ၁၉၉၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၂၁၀ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# တန့်ယန်းမြို့၌ စီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်ပို့ချ


**တန့်ယန်း ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် မိုင်းကောင်ကျေးရွာအုပ်စု နမ့်စီစိမ်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ စွမ်းဆောင်ရည်မြင့်မားစေရန်ရည်ရွယ်၍ စီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်ပို့ချခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မနွယ်ထွန်းက အမှာစကားပြောကြားသည်။


ဆက်လက်၍ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေယုဇနခိုင်က သင်တန်းတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်းနှင့် ပတ်သက်သော ငွေစာရင်းပုံစံများ၊ ငွေစာရင်းဖြည့်သွင်းခြင်းနှင့် ထိန်းသိမ်းနည်းများ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ တန့်ယန်းမြို့နယ်အတွင်း မိုင်းကောင်ကျေးရွာအုပ်စု နမ့်စီစိမ်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက စီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ဇူလိုင် ၁၇ ရက်မှ ယနေ့ထိ နှစ်ရက်ကြာ သင်ကြားပို့ချပေးခြင်း ဖြစ်ကြောင်း သိရသည်။



**သန်းလွင်(မကွေး)**

# ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ဝါတွင်းကာလတွင် ဗုဒ္ဓပူဇနီယပွဲတော်များနှင့် သီလခံယူပွဲများ ကျင်းပပြုလုပ်မည်



**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ယခုနှစ် ဝါတွင်းကာလတွင် ဗုဒ္ဓပူဇနီယပွဲတော်များနှင့် သီလခံယူပွဲများ ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏သတင်းများအရ သိရသည်။

ရွှေတိဂုံစေတီတော်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆယ့်နှစ်ရာသီပွဲတော်များကို ကျင်းပပြုလုပ်နေသကဲ့သို့ ဗုဒ္ဓဘာသာ သာသနာတော်နှင့် သက်ဆိုင်သည့် နေ့ထူးနေ့မြတ်ပွဲတော်များကိုလည်း အစဉ်အလာမပျက် ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ယခုနှစ် ဝါတွင်းကာလတွင်လည်း ရွှေတိဂုံစေတီတော်၌ ဗုဒ္ဓပူဇနီယပွဲတော်များနှင့် သီလခံယူပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ကျင်းပပြုလုပ်ရာတွင် ဒုတိယဝါဆိုလပြည့်နေ့ဖြစ်သည့် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားနှင့် ဝါဆိုရွှေကြာသက်န်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝါခေါင်လပြည့်နေ့ဖြစ်သည့် ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် မေတ္တာအခါတော်နေ့အခမ်းအနားနှင့် ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တော်သလင်းလပြည့်နေ့ဖြစ်သည့် စက်တင်ဘာ ၂၉ ရက်တွင်လည်း ဂရုဓမ္မအခါတော်နေ့ အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်ပွဲတော်ကာလ သီတင်းကျွတ်လ အဖိတ်နေ့ဖြစ်သည့် အောက်တိုဘာ ၂၈ ရက်တွင် သီတင်းကျွတ်မီးထွန်းပွဲတော်အခမ်းအနား၊ သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့် အောက်တိုဘာ ၂၉ ရက်တွင် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒုတိယဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့ထိ ဝါတွင်းကာလ လပြည့်၊ လကွယ် ဥပုသ်နေ့များနှင့် ကြားရက်ဥပုသ်နေ့များတွင် လာရောက်ဘုရားဖူးကြသည့် ပြည်သူများအနေဖြင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ သီလခံယူဆောက်တည်နိုင်ရန် သီလခံယူပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (၃၃၆)

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၆၆၂ ဧက စိုက်ပျိုးပြီးစီး

**ယင်းမာပင် ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၆၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၀၁၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြေပဲ ၂၄၆၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင်မှာ မိုးမြေပဲဧက ၃၃၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ဆက်လက်စိုက်ပျိုးလျက်ရှိပါတယ်။ မိုးမြေပဲကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးမြေပဲစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် စိုက်ဧကတိုးစိုက်ပျိုးနိုင်သလို အထွက်နှုန်းလဲကောင်းမွန်ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

မိုးမြေပဲ မြို့နယ်အလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၄၇၂ ဧက၊ ကနီမြို့နယ်တွင် ဧက ၂၃၈၇၀၊ ဆားလင်းကြီးမြို့နယ်တွင် ၂၅၂ ဧက၊ ပုလဲမြို့နယ်တွင် ၆၈ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၇၈၂ ဧက၊ ကနီမြို့နယ်တွင် ဧက ၂၉၃၈၀၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၆ ဧက၊ ပုလဲမြို့နယ်တွင် ၆၈ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မိုးမြေပဲစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေးစသည့် စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးလျက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# နွားထိုးကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းပို့ချ

**နွားထိုးကြီး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်ဆောင်ရွက်မည့် ပဒေါင်းကျေးရွာမှ လုပ်ငန်းအဖွဲ့ဝင်များ စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ ကျေးရွာအဆင့်စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းပို့ချခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များနှင့် ကျေးရွာအဆင့်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာအဆင့်တွင် အသုံးပြုသည့် စီမံကိန်းငွေစာရင်းပုံစံများ ရေးသွင်းခြင်း၊ ချေးငွေလျှောက်လွှာဖြည့်သွင်းခြင်း၊ ချေးငွေအတည်ပြုလွှာရေးသားခြင်း၊ အစည်းအဝေးမှတ်တမ်းရေးသားခြင်း စသည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့သည်။

သင်တန်းသို့ ပဒေါင်းကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို တစ်ရက်ကြာပို့ချခဲ့ကြောင်း နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်းထံမှ သိရသည်။

**သက်မာ**

# ပန်းတောင်းမြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပန်းတောင်း ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ကျားခြေရာကျေးရွာတွင် စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမာက အမှာစကားပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျားခြေရာကျေးရွာ အပါအဝင် ပန်းတောင်းမြို့နယ်အတွင်းရှိ လေ့ကျော၊ ညောင်ပင်ကုန်း၊ သာယာကုန်းရွာသစ်၊ ကျွန်းကြီး၊ ရွာထောင်ဇဗာ၊ တဲကုန်း၊ တောင်ကိုင်းကျေးရွာတို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

# မြဝတီမြို့နယ် ငွေ့ရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဇူလိုင် ၁၈**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ငွေ့ရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ငွေ့ရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ငွေ့ရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အရင်း၊ အတိုးငွေစုစုပေါင်း ၄၆ ဒသမ ၇၈၇၈ သိန်းရရှိနေပြီး ဆန္ဒမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၄ ဦးကို ငွေကျပ် ၄၄ ဒသမ ၁ သိန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**ကိုသက်**



# လူငယ်တို့ သိချင်တတ်ချင်စိတ်ရှိရမည်

အောင်ကြည်ညွန့်(တက္ကသိုလ်)

ကြီးပွားဖွံ့ဖြိုးတိုးတက်လိုသောလူငယ်တိုင်းသည် သိချင်တတ်ချင်သော စိတ်အရင်းခံလိုအပ်ပါသည်။ သိချင်တတ်ချင်သောစိတ်မှ ဖတ်ရှုလေ့လာမှတ်သားမှု ဖြစ်ပေါ်လာနိုင်ပါသည်။

သိချင်တတ်ချင်စိတ်ကို အလယ်တန်းရောက်စ ပဉ္စမတန်းအရွယ်ခန့်ကပင် အင်္ဂလိပ်စာလုံးတစ်လုံးကို မှတ်မိနေပါသည်။ ထိုစကားလုံးမှာ Curiosity ဖြစ်သည်။ ၎င်းစကားလုံး စတင်မိတ်ဆက်ပြောကြားပေးသူမှာ နိုင်ငံကျော်ဒါရိုက်တာကြီး အကယ်ဒမီ မောင်တင်ဦးနှင့် ရုပ်ရှင်မင်းသား ဇော်ဝမ်းတို့၏ဖခင်ကြီး တိုင်းချစ် သခင်သိန်းဖေ ဖြစ်ပါသည်။ မန္တလေးမှ တိုင်းချစ်တန်းမြင့်ကျောင်းတည်ထောင်သူ ဆရာမကြီး ဒေါ်မြမြ၏ခင်ပွန်းဖြစ်သည်။ အင်္ဂလိပ်စာ အလွန်တော်သည်။ သူ၏ "ဘလေဇာကုတ်အကျႌ"ထဲတွင် အိပ်ဆောင်အဘိဓာန်တစ်အုပ်အမြဲပါသည်။

ဆရာကြီးက စာရေးသူနှင့် မောင်တာ(ရုပ်ရှင်မင်းသား ဇော်ဝမ်း၏ငယ်နာမည်)ကို တစ်နေ့ အင်္ဂလိပ်စာမီးနင်း ငါးလုံး ကျက်ခိုင်းသည်။ အင်္ဂလိပ်လိုပေါင်းပြီး မြန်မာဘာသာပြန်ပေးရသည်။ အဘိဓာန်လည်း ကြည့်ခိုင်းသည်။ ထိုနေ့က ဆရာကြီး သင်ပေးသော စာလုံးငါးလုံးတွင် Curiosity ဆိုသော စကားလုံးတစ်လုံးပါလာသည်။ သူငယ်ချင်းနှစ်ယောက် "ဦးထွန်းငြိမ်း"အင်္ဂလိပ်-မြန်မာအဘိဓာန်ကို ပြေးကြည့်ကြသည်။ အနက်အဓိပ္ပာယ်မှာ အမေးအမြန်းထူခြင်း၊ သိမြင်ချင်သောစိတ်၊ သိမြင်လိုသောသဘော၊ သိလိုမြင်လိုစိတ် ပြင်းပြခြင်းဟူ၍ တွေ့ရပါသည်။

မိမိတို့သိထားသည့်အတိုင်း ဆရာကြီးကိုပြောပြရာ ဆရာကြီးက ပြုံးပြီး "အရပ်စကား၊ ဗန်းစကားနဲ့ဆို စပ်စုတယ်ပေါ့ကွာ"ဟု ပြောပါသည်။ သူကျက်ခိုင်းထားသော မီးနင်းငါးလုံး ပြန်ဆိုခြင်းမှန်သည့်အတွက် မုန့်ဖိုးတစ်မတ်စီပေးပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော်က သိခဲ့သော စပ်စုခြင်း (Curiosity) ကို ဆရာကြီးမင်းသုဝဏ်၏ စာတစ်ပုဒ်တွင် ပြန်တွေ့ရပါသည်။ ထိုစာထဲတွင် ဆရာကြီးက Curiosity ကို "သိချင်တတ်ချင်စိတ်ရှိခြင်း"ဟု ဘာသာပြန်ပေးထားပါသည်။ ဆရာကြီးမင်းသုဝဏ်၏ လှလှပပယဉ်ယဉ် ဘာသာပြန်ချက်နှင့် အဘိဓာန်အနက်ကို ယှဉ်တွဲကြည့်လိုက်သောအခါ မိမိ၏အသိနယ်ပယ်သည် ပိုမိုကျယ်ပြန့်သွားပါသည်။

ဤအတွေ့အကြုံအရ ကျောင်းသားလူငယ်မောင်မယ်များသည် အဘိဓာန်ကိုလက်တွေ့အသုံးပြုသင့်ကြောင်း ထင်ရှားပါသည်။ ကျောင်းသားကိုင် အင်္ဂလိပ်-မြန်မာအဘိဓာန်ရှိသင့်ပါသည်။ အိတ်ဆောင်အဘိဓာန်လည်း ဆောင်ထားသင့်ပါသည်။

ဆန္ဒပြင်းလျှင် မည်သည့်အတတ်ပညာမျိုးမဆို တတ်နိုင်သိနိုင်ပါသည်။ သို့ရာတွင် တတ်အောင်၊ သိအောင်လုပ်နည်းကိုမူ သိရန်လိုပါသည်။

အလုပ်ရုံဆွေးနွေးပွဲတစ်ခု၌ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) မှ လာရောက်သောဆရာမကြီးက ပို့ချရာတွင် ပညာသင်ယူရာတွင် အသိပညာဗဟုသုတဟူသော Knowledge သည် ပထမ၊ ကျွမ်းကျင်မှုဟူသော Skill သည် ဒုတိယနှင့် ထဲထဲဝင်ဝင်စိတ်ထဲကပင် အလိုလိုသိသွားသော Attitude သည် တတိယဟူ၍ ပြောပြပါသည်။ ဆရာမကြီးက Knowledge, Skill, Attitude ကို K.S.A ဟု အတိုမှတ်ခိုင်းပါသည်။

ဆရာမကြီးက စက်ဘီးစီးသင်သူနှင့် ဥပမာပေးသည်။ စက်ဘီးစီးသင်သောသူကို စက်ဘီးနှင့်ပတ်သက်သော ဗဟုသုတပေးရမည်။

ဥပမာ - လက်ကိုင်ကိုင်နည်း
- ခါးအနေအထား(မတ်မတ်နေရန်)

❖ လူငယ်များ မိမိ၏ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးတိုးတက်စေရန် စာပေပညာတွင် ထုံးချွန်ရန်အလို့ငှာ လုပ်ဆောင်ရန်နည်းလမ်းများလည်း ရှိပါသည်။ မြန်မာ့နည်း၊ မြန်မာ့ဟန်ပညာရေးသဘောတရားဖြစ်သော်လည်း ယနေ့တိုင်ခေတ်မီနေပါသေးသည်။ အဆိုပါနည်းလမ်းသည် အဆန်းမဟုတ်၊ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ ကျော်က အင်းဝခေတ်စာဆိုအကျော် ရှင်မဟာရဋ္ဌသာရ ညွှန်ပြခဲ့သော စာပေလေ့လာနည်းဖြစ်ပါသည်။ "သုစိပုဘာ၊ ဝိလိသိဓာ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့" ဟူသောကဗျာကို ကျောင်းသား၊ ကျောင်းသူတို့သင်ယူရပါသည်။ ❖

- ခြေနင်းရင်း စက်ဘီးလဲမကျအောင်ထိန်းခြင်း
- ရှေ့ဘရိတ်၊ နောက်ဘရိတ်ဖမ်းခြင်း

စသည့်ဗဟုသုတတို့ကို သင်ပေးပြီးနောက် လက်တွေ့အလေ့အကျင့်ရစေရန်(ကျွမ်းကျင်စေရန်) စက်ဘီးပေါ်တက်၍ စီးခိုင်းပြီး သင်ပေးသူက နောက်ကလိုက်၍ တွန်းရသည်။ အချိန်လေးရမှ လွှတ်ပေးရသည်။ လက်ကိုင်၊ ခါးအနေအထား၊ ခြေနင်း စသည်တို့ ညီညွတ်မှုမရှိသဖြင့် ထပ်ခါထပ်ခါ လဲကျတတ်ပါသည်။

ကျွမ်းကျင်မှုရရှိစေရန် အထပ်ထပ်အခါခါ လေ့ကျင့်ရပါသည်။ ကျွမ်းကျင်ပြီဆိုလျှင် မိမိစိတ်က အလိုလို သိသွားပြီး ယုံကြည်စိတ်ချသွားပါသည်။ စက်ဘီးစီးလျှင် မလဲတော့ပါ။ နေ့နေ့မြန်မြန်ကောင်းစွာ စီးတတ်သွားပါတော့သည်။ စက်ဘီးတစ်ခါစီးတတ်သွားလျှင် တစ်သက်လုံး မမေ့တော့ပါ။

ဒုတိယဥပမာမှာ ရေကူးနည်းဖြစ်ပါသည်။ ဆရာမကြီး၏ ဥပမာများသည် သင်တန်းသားများအဖို့ အလွန်တန်ဖိုးရှိပါသည်။

၂၁ ရာစု ခေတ်သစ်ပညာရေးနယ်ပယ်တွင် ပညာရေးမဏ္ဍိုင်ကြီးလေးခုရှိကြောင်း သင်ပြသွားပါသေးသည်။ ၎င်းတို့မှာ-

၁။ အသိပွားရန်သင်ယူခြင်း (Learning to Know)
၂။ လုပ်ဆောင်တတ်ရန် သင်ယူခြင်း (Learning to do)
၃။ ကိုယ်ရည်ကိုယ်သွေးတိုးတက်ရန် သင်ယူခြင်း (Learning to be)
၄။ အများနှင့်အတူ ပူးပေါင်းနေထိုင်တတ်ရန် သင်ယူခြင်း(Learning to Live Together)

အသိပညာပွားရေးသည် အခြေခံကျပါသည်။ မိမိကျောင်းနေစဉ်ကပင် ကျောင်းသင်ဘာသာရပ်များကို စနစ်တကျ လေ့လာသင်ယူရပါမည်။ ထိုအချက်မှာ ပထမမဏ္ဍိုင်ဖြစ်ပါသည်။

လုပ်ဆောင်တတ်ရန်သင်ယူခြင်းဆိုသည်မှာ လက်တွေ့လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မိမိအသက်မွေးဝမ်းကျောင်းစွမ်းရည်နှင့်ပြည့်စုံအောင် အခြားလုပ်ငန်းများတွင်လည်း လုပ်ဆောင်တတ်ရန် သင်ယူရပါမည်။ ထိုအချက်မှာ ပညာရေးတွင် ဒုတိယမဏ္ဍိုင်ဖြစ်ပါသည်။

ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်စေရန် သင်ယူခြင်းဆိုသည်မှာ မိမိ၏ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်စေရန် ကိုယ်တိုင်တာဝန်ယူသူ၊ မိမိ၏အသိစိတ်ဓာတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သူဖြစ်ရန် အရေးကြီးလှသည်။ မိမိပြဿနာကို မိမိဘာသာဖြေရှင်းတတ်ရန်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချတတ်ရန် မိမိတာဝန်နှင့်ဝတ္တရားကို ကောင်းစွာတာဝန်ယူတတ်ရန် ကြိုးပမ်းဆောင်ရွက်ရပါမည်။ ထိုအချက်မှာ ပညာရေး၏ တတိယမဏ္ဍိုင်ဖြစ်ပါသည်။

အများနှင့်အတူ ပူးပေါင်းနေထိုင်တတ်ရန် သင်ယူခြင်းဆိုသည်မှာ လူ့အဖွဲ့အစည်းတွင် Cooperation နှင့် Coordination သည် အရေးပါပါသည်။ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်တွင် ကိုယ်တိုင်ပါဝင်လှုပ်ရှားရပါမည်။ လူ့အဖွဲ့အစည်းတွင် မိမိသည် အဖွဲ့ဝင်လူသားတစ်ဦးဖြစ်သည့်အလျောက် လူသားအကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရပါမည်။ ဤအချက်သည် ပညာရေးတွင် စတုတ္ထမဏ္ဍိုင်ဖြစ်ပါသည်။

လူငယ်များ မိမိ၏ ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးတိုးတက်စေရန် စာပေပညာတွင် ထူးချွန်ရန်အလို့ငှာ လုပ်ဆောင်ရန်နည်းလမ်းများလည်းရှိပါသည်။ မြန်မာ့နည်း၊ မြန်မာ့ဟန်ပညာရေးသဘောတရားဖြစ်သော်လည်း ယနေ့တိုင် ခေတ်မီနေပါသေးသည်။

အဆိုပါနည်းလမ်းသည် အဆန်းမဟုတ်၊ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ ကျော်က အင်းဝခေတ်စာဆိုအကျော် ရှင်မဟာရဋ္ဌသာရ ညွှန်ပြခဲ့သော စာပေလေ့လာနည်းဖြစ်ပါသည်။

"သုစိပုဘာ၊ ဝိလိသိဓာ
အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို
သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့"

ဟူသောကဗျာကို ကျောင်းသား၊ ကျောင်းသူတို့ သင်ယူရပါသည်။ အက္ခရာရှစ်လုံး သင်နည်းသည် ခေတ်မီသင်ယူနည်း၏ အခြေခံသဘောတရားပင်ဖြစ်သည်။

၁။ ကြားနာရမည်
၂။ ကြံစည်စိတ်ကူးရမည်
၃။ မေးမြန်းစုံစမ်းရမည်
၄။ ဟောပြောတင်ပြရမည်
၅။ စူးစမ်းဆင်ခြင်ရမည်
၆။ ရေးမှတ်ရမည်
၇။ လေ့ကျင့်ရမည်
၈။ အလွတ်ကျက်မှတ်ရမည်။

ပညာလိုလားသော၊ လေ့လာဆည်းပူးလိုသော လူငယ်အပေါင်းတို့သည် ရှင်မဟာရဋ္ဌသာရ၏အက္ခရာရှစ်လုံးနှင့် သီထားသော ပန်းကုံးကို နေ့စဉ်ဝတ်ဆင်ကြပါကုန်လော့။ ဆရာတော်ညွှန်ကြားချက် ရှစ်ချက်နှင့်အညီ လိုက်နာကျင့်သုံးကြပါကုန်လော့။

ဤသို့ဆိုပါလျှင် သိချင်တတ်ချင်၊ လေ့လာဆည်းပူးချင်သော လူငယ်အပေါင်းတို့သည် အထက်ဖော်ပြပါ ကမ္ဘာ့နည်း၊ မြန်မာ့နည်းပညာလေ့လာသင်ယူနည်းနာနိဿယတို့ကို ခံယူကျင့်သုံးကာ နိုင်ငံအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ကြပါစေဟု ဆုတောင်းလိုက်ပါသည်။

# ဘားအံမြို့နယ်တွင် မုတ္တဒိ-ကမ်းကြီး ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဘားအံ ဇူလိုင် ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုတ္တဒိ-ကမ်းကြီး ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် ဝန်ထမ်းများသည် ရွှေဖားစည်ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကျေးရွာချင်းဆက်လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကွန်ကရစ်လမ်းကို သတ်မှတ်ထားသော စံနှုန်းများအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ပြည်နယ် အစိုးရရန်ပုံငွေကျပ် ၁၁၇ ဒသမ ၈၁ သန်းဖြင့် မုတ္တဒိ-ကမ်းကြီး ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ရွှေဖားစည်ကုမ္ပဏီက တာဝန်ယူ၍ မေ ၃၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက မုတ္တဒိခေတ်မီစံပြကျေးရွာနှင့် ကမ်းကြီးကျေးရွာတို့ရှိ အိမ်ခြေ ၅၁၇ အိမ်၊ လူဦးရေ ၃၉၆၀ အတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေးသွားလာနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။




ငယ်လေး




ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။

# စွဲလမ်းဆိပ် ပုံနှိပ်ထုတ်ဝေ



10A စာပေက ထုတ်ဝေသော နွေးနွေးအောင် မြန်မာဘာသာပြန်ဆိုသည့် စွဲလမ်းဆိပ်လုံးချင်းဝတ္ထုစာအုပ်ထွက်ရှိလာသည်။

ယခုစာအုပ်မူရင်းမှာ FRANCOISE SAGAN ၏ A CERTAIN SMILE ဖြစ်သည်။

ယခုစာအုပ်တွင် ဘာသာပြန်သူ၏အမှာပါဝင်ပြီး ကောက်နုတ်ဖော်ပြရလျှင် လောကမှာ စာရိတ္တပျက်ယွင်းဖောက်ပြန်တတ်တဲ့ မိန်းမတွေအကြောင်း ဒဂုန်တာရာရဲ့ မေမှာသိရပါတယ်။ မြသန်းတင့်ရဲ့ မမမှာသိရပါတယ်။ တော်စတွိုင်းရဲ့ အင်နာကရာနီနာမှာ သိရပါတယ်။ အင်နာကရာနီနာကို ရွှေဥဒေါင်းရော၊ တင်မောင်မြင့်ရော ဘာသာပြန်ထားပါတယ်။ ကျွန်မတို့ကို လွှမ်းမိုးထားနိုင်ခဲ့တဲ့ ချစ်စရာကောင်းသလောက်သနားစရာ၊ မုန်းတီးစရာဖောက်ပြားသူ အမျိုးသမီးဇာတ်ကောင်တွေဟာ အမျိုးသားစာရေးဆရာတွေရဲ့ မှုန်းခြယ်မှုအောက်က မြင်တွေ့ရတဲ့ စရိုက်လက္ခဏာတွေချည်းပါ။ အမျိုးသမီးတစ်ယောက်ကိုယ်တိုင်က အမျိုးသမီး တစ်ယောက်ရဲ့ စာရိတ္တပျက်ပြားဖောက်ပြန်မှုတွေကို အသေးစိတ်ခံစားချက်တွေနဲ့ မှုန်းခြယ်ပြထားတာရှိပါတယ်။ ပြင်သစ်စာရေးဆရာမ ဖရန်ဆိုက်စ်ဆေဂန်ရဲ့ ဒုတိယမြောက်ဝတ္ထုဖြစ်တဲ့ A Certain Smile ဖြစ်ပါတယ် စသည်ဖြင့် ပါရှိသည်။

ယခုစာအုပ်တစ်နေရာတွင် ဤသို့ တွေ့ရသည်။ နောက်တစ်နေ့ နေအတော်မြင့်မှ ကျွန်မနိုးလာတယ်။ မနက် ၅ နာရီကျော်မှ အိမ်ပြန်ရောက်တာဆိုတော့ အိပ်ရေးကတော့ မဝဘူးပေါ့။ ဒါပေမဲ့ နိုးနိုးချင်း အိပ်ရေးမဝတဲ့ ခံစားချက်က ကျွန်မအတွက် အသားကျနေပြီးသား။ ပြတင်းပေါက်နားသွားပြီး ပြင်ပလေကိုရှူကြည့်တော့ ပြင်သစ်လေဖြစ်လို့လား၊ ကျွန်မကပဲ သောက်စားတာများလို့လားမသိ လေထဲမှာ ဝီစကီနံ့ရနေသလိုပဲ။

စာ- ၁၇၉ မှ

ယခုစာအုပ်ကို အုပ်ရေ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၇၅၀၀ ဖြင့် ဖြန့်ချိကြောင်းသိရသည်။

# မြဝတီရသစုံမဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ



မြဝတီစာပေတိုက်က ထုတ်ဝေသော ဇူလိုင်လထုတ် မြဝတီရသစုံမဂ္ဂဇင်းစာအုပ်ထွက်ရှိလာသည်။

ယခုလထုတ် မဂ္ဂဇင်းတွင် မြဝတီ၏ မူဟန်အတိုင်း စာတည်း စာမျက်နှာ၊ ကဗျာ၊ ကာတွန်း၊ သုတ၊ ရသ၊ ပြည်ပအနုပညာ၊ တွေ့ဆုံမေးမြန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အတွေ့အကြုံဆောင်းပါး၊ ရသစာတမ်း၊ ဗုဒ္ဓစာပန်းချီ၊ စာအုပ်စင်၊ ဝတ္ထုတို၊ ပင်ကိုရေးဝတ္ထုရှည်(စ/ဆုံး)၊ ပင်ကိုရေးဝတ္ထုရှည်(အခန်းဆက်) စသည်ဖြင့် ကဏ္ဍစုံလင်စွာ ဖတ်ချင်ဖွယ်ရာများ ပါဝင်ကြောင်း တွေ့ရသည်။

ယခုလထုတ်မဂ္ဂဇင်းတွင် တောသားကြီးလူနိုင်၏ လှိုင်းနှင့်ကျောက်ဆောင်၊ သူရဇော်၏ အမြဲတေစိတ်ဖြင့်၊ တက္ကသိုလ်စိုးယဉ်၏ ဘဝနှင့်ဆန္ဒထပ်တူကျရန် စသည့်ကဗျာများအပါအဝင် ကဗျာပုဒ်ရေ ၂၀ ကိုလည်းကောင်း၊ တက္ကသိုလ်မြတ်သူ၏ ယနေ့ ကလောင်ရှင်တို့၏ အမျိုးသားရေးတာဝန်၊ ဥညြ(ချယ်ရီမြေ)၏ သုညများ၊ ဒွေးကြည်(စလင်း)၏ နောက်လှည့်မကြည့်နဲ့ ရှေ့ဆက်လျှောက် စသည့်ဆောင်းပါးများအပါအဝင် သုတ၊ ရသဆောင်းပါး ကိုးပုဒ်ကိုလည်းကောင်း၊ မောင်ခြိမ့်၏ ငြိမ်းငြိမ်းချမ်းချမ်းရှာပါမိုး၊ ကိုရွှေတောသား(ဆင်ကူး)၏ ဇော၊ အမေ့သား(နတ်မောက်)၏ အမေ့လက်ထဲက ဓာတ်ပုံလေး စသည့်ဝတ္ထုတိုများအပါအဝင် ဝတ္ထုတို ခုနစ်ပုဒ်ကိုလည်းကောင်း ဖတ်ရှုနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပအနုပညာ၊ တွေ့ဆုံမေးမြန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အတွေ့အကြုံဆောင်းပါး၊ ကာတွန်းကဏ္ဍများကိုလည်း တဝကြီးဖတ်ရှုရမည်ဖြစ်သည်။

ဇာတ်လမ်းဇာတ်အိမ် ခိုင်ခိုင်ခံ့ခံ့ကို ပြည့်ပြည့်ဝဝ ဖတ်ရှုလိုသူများအတွက် ပင်ကိုရေးဝတ္ထုရှည်(စ/ဆုံး) နှင့် ပင်ကိုရေးဝတ္ထုရှည်(အခန်းဆက်)များကိုလည်း ထည့်သွင်းဖော်ပြထားသည်ဖြစ်ရာ ဖတ်ရှုရာမှ လက်ကမချနိုင်အောင်ပင် မြဝတီရသစုံမဂ္ဂဇင်းကို နှစ်သက်ခုံမင်သွားနိုင်မည်ဖြစ်သည်။

ယခုစာအုပ်ကို အုပ်ရေ ၈၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုး ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ငွေတာရီမဂ္ဂဇင်း ထွက်ရှိလာ




မြဝတီစာပေတိုက်က ထုတ်ဝေသော ဇူလိုင်လထုတ် ငွေတာရီမဂ္ဂဇင်းစာအုပ်ထွက်ရှိလာသည်။

ယခုလထုတ် မဂ္ဂဇင်းသည်(၆၃) နှစ်မြောက် ငွေတာရီမဂ္ဂဇင်းအထူးထုတ်ဖြစ်ပြီး အပြင်အဆင် ဆေးရောင်စုံစိုစိုလွင်လွင်၊ ကလောင်အင်အားအများအပြား ပါဝင်နေကျကဏ္ဍများဖြင့် ဖတ်ချင်ဖွယ်ထွက်ရှိလာခြင်းဖြစ်သည်။

ယခုလထုတ်မဂ္ဂဇင်းတွင် ငွေတာရီ၊ မင်းယုဝေ၊ မင်းရွှေမင်း(အင်းစိန်)၊ ဇာနည်၊ သန်းအောင်(အညာမြေ) စသည့်ကဗျာဆရာများ၏ ကဗျာများ၊ မောင်စိမ်းနောင်(လယ်ဝေး)၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ အောင်ထွန်းလင်း(ချောက်) စသည့် ကဗျာဆရာများ၏ (၆၃)နှစ်မြောက် ငွေတာရီမဂ္ဂဇင်း ဂုဏ်ပြုကဗျာများ၊ ပြန်လည်ဆန်းသစ်၍ အနှစ်ငွေတာရီကဏ္ဍအဖြစ် ဖော်ပြထားသည့် ကာတွန်းဖေသိန်း၊ မင်းသုဝဏ်၊ မင်းယုဝေ၊ ဖိုးကျော့တို့၏ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတိုများ၊ ပါဝင်နေကျ ငွေတာရီကာတွန်း၊ (၆၃) နှစ်မြောက် ငွေတာရီမဂ္ဂဇင်း ဂုဏ်ပြုဆောင်းပါးအဖြစ် ဖော်ပြသည့် အောင်ဆန်းသိန်း(ပခုက္ကူ)၊ မန်းတင့်မော်၊ မြင်းမူမောင်နိုင်မိုးတို့၏ ဆောင်းပါးများ၊ မောင်သန်းဆွေ(ထားဝယ်)၊ ဒေါက်တာစိန်မြင့်၊ မောင်သာ(ရွှေဟောင်းသုတေသန)၊ ဥညြ(ချယ်ရီမြေ)တို့၏ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာဆောင်းပါးများ၊ ရွှေကူမေနှင်း၊ ထွန်းထွန်း (သာယာဝတီ)၊ ကိုဇော်ဌေး(ယဉ်ကျေးမှု) စသည့်စာရေးဆရာများ၏ စာပေနှင့် အနုပညာဆောင်းပါးများ၊ မြေလတ်မောင်မြင့်သူ၊ ညိမ်းညို၊ ဟန်သူရဇိုလ်၊ နေဇင်(ပေါက်ခေါင်း)တို့၏ ရသစာတမ်းများ၊ မောင်ခြိမ့်၊ ယဉ်ယဉ်နု(မန္တလေး)၊ ဆွန်း(စက်မှုတက္ကသိုလ်)၊ မဂေါ်ဇီ စသည့်စာရေးဆရာများ၏ ဝတ္ထုတိုများနှင့် သဥ္ဇာလှိုင်(လားရှိုး)၊ ကုမုဒြာတို့၏ ပင်ကိုရေးဝတ္ထုရှည်(စ/ဆုံး) နှစ်ပုဒ်ကိုပါ ဖတ်ရှုနိုင်မည်ဖြစ်သည်။

ယခုစာအုပ်ကို အုပ်ရေ ၉၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# သုတအလင်းမဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ



မြဝတီစာပေတိုက်က ထုတ်ဝေသော ဇူလိုင်လထုတ် သုတအလင်း မဂ္ဂဇင်းစာအုပ်ထွက်ရှိလာသည်။

ယခုလထုတ် မဂ္ဂဇင်းတွင် သုတအလင်းမဂ္ဂဇင်း ဟူသည့်အတိုင်း စာဖတ်သူတို့ ဗဟုသုတဖြစ်ဖွယ်ရာများကို ရှုထောင့်မျိုးစုံမှ အကြောင်းအရာ စုံစုံလင်လင်၊ ဖတ်ရှုဖွယ်ရာ ရုပ်ပုံဓာတ်ပုံဝေဝေဆာဆာဖြင့် တင်ဆက်ထားကြောင်း တွေ့ရသည်။

ယခုလထုတ်မဂ္ဂဇင်းတွင် သေမင်းတမန်အကျဉ်းသားများ နောက်ဆုံးတောင်းဆိုခဲ့သည့် အထူးဆန်းဆုံးအစားအစာများ၊ မောင်သာ(ရွှေဟောင်းသုတေသန)၏ မြန်မာနိုင်ငံ၏ဗဟိုချက်နေရာသို့၊ ဒေါက်တာ ကျော်စွာထွန်း(ဆေးဝါးဗေဒ)၏ ဂြိုဟ်သိမ်ခါးပတ်လမ်းကြောင်း၊ သုတထက်၏ စိတ်အေးချမ်းတည်ငြိမ်မှုကို ဖြစ်ပေါ်စေသော မှတ်သားဖွယ်ရာ အဆိုအမိန့်များ(၂)၊ နေဇင်လတ်၏ ပထဝီနိုင်ငံရေးနှင့် နန်းလုအားပြိုင်ပွဲများ၊ ဝင်းဇော်(သုံးဆယ်)၏ တောင်သူပြောကြား ရှေးစကား(၁၀)၊ လွင်သန္တာ၏ သက်တမ်းအရှည်ဆုံး သံလွင်ပင်များ၊ ဇော်လွင်အောင်၏ ရေချိုပုစွန်မွေးမြူရေး၊ ဒေါက်တာလွှမ်းမိုးဟန်၏ မိခင်နို့နှင့် နို့ဘူးအကြား လွန်ဆွဲခြင်း၊ မြသိန်း၏ လယ်ယာစိုက်ပျိုးရေး မျက်နှာစာအသစ်များ စသည့် စာရေးဆရာစုံ အကြောင်းအရာအဖုံဖုံကို ထူးဆန်းထွေလာ၊ နိုင်ငံရေး၊ ခရီးသွားဆောင်းပါး၊ သိပ္ပံနှင့် နည်းပညာ၊ စာပေ၊ မျက်နှာဖုံးဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ သုတလစဉ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု၊ နိုင်ငံတကာသုတ၊ ကျန်းမာရေး၊ မွေးမြူရေး၊ အထွေထွေဗဟုသုတ၊ စိုက်ပျိုးရေး စသည့် ကဏ္ဍများဖြင့် ဖော်ပြထားပြီး ကဗျာနှင့်ကာတွန်းလည်း ဖတ်ရှုနိုင်မည်ဖြစ်ရာ ဝယ်ယူဖတ်ရှုရကျိုးနပ်မည့် မဂ္ဂဇင်းစာအုပ်ဖြစ်ကြောင်း ညွှန်းဆိုလိုက်ရပါသည်။

ယခုစာအုပ်ကို အုပ်ရေ ၅၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ဥဒါန်းသစ်စာပေမဂ္ဂဇင်း ပုံနှိပ်ထုတ်ဝေ



ဦးဝင်းချို(၀၃၁၉၅)က ထုတ်ဝေသည့် ဇူလိုင်လထုတ် ဥဒါန်းသစ်စာပေမဂ္ဂဇင်းစာအုပ် ထွက်ရှိလာသည်။

ယခုလထုတ် ဥဒါန်းသစ်စာပေမဂ္ဂဇင်းတွင် ကဗျာ၊ ကာတွန်း၊ အတွေးစာစု၊ လျှပ်တစ်ပြက်ဝတ္ထု၊ စာပေဆောင်းပါး၊ ကဗျာလောက၊ နိုင်ငံတကာစာပေအောင်တံချူ၊ နိုင်ငံတကာစာပေ၊ စာအုပ်လောက၊ ဝမ်းနည်းမှတ်တမ်း၊ ကလောင်သစ်ကဏ္ဍ၊ မှတ်မှတ်ရရ၊ ဂန္ထဝင်မိတ်ဆက်၊ ဝတ္ထုတို၊ ဘာသာပြန်ဝတ္ထုတို၊ ဘာသာပြန်အက်ဆေး၊ အက်ဆေး၊ အခန်းဆက်ဝတ္ထုရှည်၊ ဘာသာပြန်အခန်းဆက်ဝတ္ထုရှည် ကဏ္ဍများပါဝင်ကြောင်း တွေ့ရသည်။

ယခုစာပေမဂ္ဂဇင်းတွင် မွန်ဟော်စီ၊ မောင်ခင်မင်(ဓနုဖြူ)၊ မြင့်သန်း၊ ကြည်လင်အေး၊ ဇေစာချို၊ မောင်ဇေယျာ၊ ခင်လှိုင်ကြူ၊ သန်းမြင့်အောင်၊ မောင်ရင့်မာ(ကျောင်းကုန်း)၊ ခင်ခင်ထူး စသည့်စာရေးဆရာများ ပါဝင်ရေးသားထားသည်။

ယခုလထုတ် ဥဒါန်းသစ်စာပေမဂ္ဂဇင်းပါ ခင်ခင်ထူး၏ စိုးခ အခန်းဆက်ဝတ္ထုရှည်မှ ကောက်နုတ်ဖော်ပြရလျှင် "စိုးခရယ်၊ နင့်ဟာက နဲ့တစ်လက် ငါးကျပ်နဲ့ရလို့ ဆက်လက်ဝယ်ခဲ့တယ် ဆိုသလိုပါလားဟဲ့၊ ကိုယ်လဲ အသုံးမတည့်ဘဲနဲ့ ငါတော့ ငါးတွေသနားတာ" "ခံစားရတာပေါ့ မမရ" ခံစားချင်လို့ဆိုမှတော့ ကျွန်မလဲ ဘာမှမပြောဖြစ်တော့ပါဘူး။ အဲဒီတုန်းက အမေနဲ့ သားအမိနှစ်ယောက်နေကြတဲ့ကာလဆိုတော့ မှန်ပုံးကြီးနဲ့ ရွှေငါးနှစ်ကောင် အိမ်ရောက်လာတဲ့အကြောင်း အမေက ကျွန်မကို ဖုန်းလှမ်းဆက်ပြီးတိုင်တယ်။ "ငါ့သမီးရယ်၊ ညည်းပေးလိုက်တဲ့ ငွေသုံးသိန်းအမေတစ်ပြားမှ မသုံးရဘူး။ စိုးခတို့များ မိုက်ချက်တော့။ ရွှေငါးနှစ်ကောင် ငွေ နှစ်သိန်းပေးဝယ်လာသတဲ့အေ" စာ- ၁၄၀ မှ

စာပေချစ်မြတ်နိုးသူများအတွက်ပေါ်ထွက်လာသော စာပေမဂ္ဂဇင်းအသစ်ကို ဝမ်းမြောက်စွာ ကြိုဆိုလိုက်ရပါသည်။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိကြောင်းသိရသည်။

နေမျိုး
ရစည်းသည်

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၂-၆-၂၀၂၃ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၂၃** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် တည်ဆောက်နေသည့် သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်း ၈၃ ရာခိုင်နှုန်းပြီးစီး



**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အကောင်အထည်ဖော် တည်ဆောက်နေသည့် သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်း ၈၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါသုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)လမ်းမကြီးနှင့် အမှတ်(၇)လမ်းမကြီး လမ်းဆုံအနီး မြေဧရိယာ ၁၈၁ ဧကပေါ်တွင် အကောင်အထည်ဖော် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါအိမ်ရာစီမံကိန်းကို ၂၀၂၀ ပြည့်နှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းတွင် လေးခန်းတွဲ ငါးထပ်အဆောက်အအုံ ၂၇၂ လုံးဖြစ်ပြီး အခန်းတစ်ခန်း၏ အကျယ်အဝန်းမှာ ၅၈၈ စတုရန်းပေရှိကြောင်း သိရသည်။

ပထမအဆင့်အနေဖြင့် လေးခန်းတွဲ ငါးထပ်တိုက် အဆောက်အအုံ ၁၉၄ လုံးကို စတင်တည်ဆောက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ် (MCEF)နှင့် မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် (MLCA)တို့မှ အဆောက်အအုံ ၉၇ လုံးစီ ခွဲဝေ ဆောက်လုပ်ခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါအိမ်ရာစီမံကိန်းတွင် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ယာယီဈေး တည်ဆောက်ရေး၊ နေထိုင်ခွင့်ရရှိသူများ လာရောက်နေထိုင်မည့် အချိန်တွင် အဆင်ပြေစွာနေထိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေနှစ်လကုန်တွင် အဆိုပါအိမ်ရာစီမံကိန်း၏ ပထမအဆင့်တည်ဆောက်ရေး လုပ်ငန်းများမှာ ၈၃ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါအိမ်ရာစီမံကိန်းမှ နေအိမ်တိုက်ခန်းများကို နေရေးအခက်အခဲရှိသူများ၊ အငြိမ်းစားဝန်ထမ်းများနှင့် လက်ရှိဝန်ထမ်းများကို ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း၊ အိမ်ခန်းငှားရမ်းခွင့် လျှောက်ထားလိုသည့် ပြည်သူများနှင့် အငြိမ်းစားဝန်ထမ်းများအနေဖြင့် အိမ်ခန်းလျှောက်လွှာများကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ဝယ်ယူပြီး သတ်မှတ်ပုံစံများအတိုင်း ဖြည့်စွက်၍ မိမိတို့ဝယ်ယူခဲ့သည့်ရုံးဌာနများတွင် သတ်မှတ်ရက်အတွင်း ပြန်လည်တင်ပြသွားရမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာဌာနများမှ စုစည်း၍ ဌာနအလိုက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် ဝယ်ယူ၍ လျှောက်လွှာများကို ပြန်လည်တင်ပြသွားရမည်ဖြစ်သည်။

အိမ်ခန်းငှားရမ်းခွင့် လျှောက်လွှာများကို ဇူလိုင် ၃ ရက်မှ စတင်ရောင်းချပေးနေခြင်းဖြစ်ပြီး ဇူလိုင် ၃၁ ရက် နောက်ဆုံးထား ပြန်လည် တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။ (၃၃၆)

# လင်းခေးမြို့နယ် ဝမ်ဟတ်ကျေးရွာ၌ စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**လင်းခေး ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် ဝမ်ဟတ်ကျေးရွာအုပ်စု ဝမ်ဟတ်ကျေးရွာတွင် စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအတိုင်း ဆောင်ရွက်ရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်အခြေအနေများနှင့် ကော်မတီဝင်များ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံကျေးရွာပြည်သူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)နှင့် စပ်လျဉ်း၍ သိရှိလိုသည့်အချက်များကို မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး အဆိုပါစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝမ်ဟတ်ကျေးရွာ၌ စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် သက်ဆိုင်ရာကျေးရွာ ဒေသခံများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးသူ**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**





## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-ဟန်မြင့်မိုရ်ကျောင်းတွင် ဒုတိယအလယ်တန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်ဝင်းဝင်း သည် တက္ကသိုလ်ဝင်အောင်လက်မှတ်တွင်ပါရှိသော ဒေါ်ဝင်းနှင့် အမှုထမ်းစာအုပ်နှင့်နိုင်ငံသားစိစစ်ရေးကတ်တွင်ပါရှိသော ဒေါ်ဝင်းဝင်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ဝင်း(ခ)ဒေါ်ဝင်းဝင်း(၉/ကဆန(နိုင်)၀၆၀၈၂၄)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက(ခွဲ) ဆူးလေကုန်းကျောင်းတွင် ဒုတိယအလယ်တန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်ချိုချို သည် တက္ကသိုလ်ဝင်အောင်လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်တွင်ပါရှိသော ဒေါ်ချိုနှင့် အမှုထမ်းစာအုပ်တွင်ပါရှိသော ဒေါ်ချိုချို သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ချို(ခ)ဒေါ်ချိုချို(၉/ကဆန(နိုင်)၀၇၃၀၉၉)**

## ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| (၁) | ကွန်ပျူတာစာရင်းကိုင် | အမျိုးသမီး | (၂) ဦး |
| (၂) | အရောင်းဝန်ထမ်း | အမျိုးသမီး | (၂) ဦး |

***မှတ်ချက်***

အမှတ်စဉ်(၁)အတွက် Excel / Pagemaker ကျွမ်းကျင်စွာလုပ်ကိုင်နိုင်ရမည်။
အမှတ်စဉ်(၂)အတွက် အရောင်းအတွေ့အကြုံရှိရမည်။
အမှတ်စဉ်အားလုံးအတွက် ဆက်ဆံရေးပြေပြစ်ပြီး ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံတတ်ရမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၁)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ CV Form နှင့်တကွ (၅)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**မိုးဟိန်းထက် ဝေါက်ပစ္စည်းရောင်းဝယ်ရေး**

**၇၃လမ်း၊ ၈လမ်း× ၉လမ်းကြား၊ Ph/ 09-253077766**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက(၃) ကျောင်းတွင် ပညာသင်ကြားနေသော Grade-12 မှ မမေသီရိကျော်နှင့် Grade-11 မှ မဆုလှဲ့ထွန်း တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစန်းလှိုင်မင်း ဖြစ်ပါကြောင်း။ **ဦးစန်းလှိုင်မင်း(၉/ကဆန(နိုင်)၁၄၃၀၃၅)**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-မြို့မကျောင်းတွင် ဒုတိယအလယ်တန်းပြတာဝန်ထမ်းဆောင်နေသော (ဘ) ဦးဇော်မြင့် ၏သမီးဖြစ်သူ ဒေါ်ဆုမွန်ဇော် (၈/စလန(နိုင်)၁၁၀၅၅၃) ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၆-၁၉၈၄ ဖြစ်ပါကြောင်း။ **၁၄-၆-၁၉၈၄**

## ပျောက်ဆုံးကြောင်း

မြောင်းမြမြို့နေ စကျော့ဇင်ထွန်း (ဘ)ဦးမန်းမျိုးမြင့် (၁၄/မမန(နိုင်)၂၈၁၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-565264)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၆၈၃၆ ၂၈၀၀

## ပျောက်ဆုံးကြောင်း

ကျိုက်လတ်မြို့နေ ဝင့်ပါလွင်(ဘ) ဦးကျော်စိုး(၁၄/ကလန(နိုင်)၂၁၈၀၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-181108)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၈၇၇၇၈၃၆

## ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ ဥာဏတာသ(ဘ) ဦးမြထွန်း(၁၄/ပသန(သ)၀၀၀၁၉၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၇၆၀၂၂၉၁

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အ.ထ.က(၂၂)၊ Grade-3 တွင် ပညာသင်ကြားနေသော မနှင်းဝတီထွန်း ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမျိုးထွန်း ဖြစ်ပါကြောင်း။ **ဦးမျိုးထွန်း(၉/ခမစ(နိုင်)၀၀၄၂၇၃)**

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ဒန့်တကူးတောင်ရပ်ကွက်၊ ကသဲကျေးရွာနေ ဂျာနူကာ (ဘ) ဦးရာဂုန်း (၉/မကန(နိုင်)၁၅၄၁၆၀) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-248345) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၂၁၀၂၅၀၇၉**

## ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်၊ ကွဲရေကုန်းကျေးရွာနေ မေရီအောင် (ဘ) ဦးဇော်မွန်းအောင် (၁/မကတ(နိုင်)၁၃၀၅၈၃) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-886299) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၇၁၉၇၁၃၄၉**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အ.ထ.က ကုန်းကြီးကျောင်းတွင် ဒုတိယအလယ်တန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်ဝေဝေမာ ၏မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ ၂၉-၄-၁၉၈၂ ဖြစ်ပါကြောင်း။ ၂၉-၄-၁၉၈၂

## ပျောက်ဆုံးကြောင်း

အင်္ဂပူမြို့နေ အိမ့်ရွှေဇင်မိုး (ဘ) ဦးသိန်းရွှေ (၁၄/အဂပ(နိုင်)၁၃၈၆၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-454020)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၇၈ ၂၉ ၂၃၀

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်မြို့၊ အ.မ.က(ထန်းဇင်တော်)တွင် မူလတန်းပြတာဝန်ထမ်းဆောင်နေသော ဒေါ်စန်းနု (၇/တငန(နိုင်)၀၁၂၁၁၅)၏ဖခင်သည် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပါ ဦးဟံတင် နှင့် အမှုထမ်းစာအုပ်ပါ ဦးဟန်တင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဟံတင်(ခ)ဦးဟန်တင်(၈/ပခက(နိုင်)၀၆၈၈၅၀)**

## ပျောက်ဆုံးကြောင်း

ဘုတလင်မြို့နေ မောင်သိန်းဇော်ထွန်း(ဘ)ဦးဆန်း (၅/ဘတလ(နိုင်)၀၉၇၆၇၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-191502)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၈၈ ၂၀၆၁၈၉

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မောင်ကျော်ထက်အောင်(ဘ)ဦးမြင့်ထွန်း(၅/ယမပ(နိုင်)၁၃၃၇၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-299360)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄ ၂၄၄ ၂၉၇၉

## ပျောက်ဆုံးကြောင်း

ထူးကြီးမြို့နေ ခင်ဇေကျော် (ဘ) ဦးငြိမ်းအောင် (၁၄/အဂပ(နိုင်)၂၀၈၅၅၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-996031)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၆၉၉၃၅၁

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ဂုံညင်းဆိပ်ကျေးရွာနေ (ဘ) ဦးကြီးလှ ၏သမီး မဆွေဆွေမာ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ ၁၅-၅-၁၉၈၀ ဖြစ်ပါကြောင်း။ ၁၅-၅-၁၉၈၀

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့၊ တန်းဆောက်ကျေးရွာနေ မောင်သောင်းဌေး (ဘ) ဦးမြသောင်း (၉/နထက(နိုင်)၁၅၁၉၂၅) ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-449226) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၈၈၅၀၁၃၃၀၉**

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့၊ တန်းဆောက်ကျေးရွာနေ မရီချို (ဘ) ဦးညွန့်ဝေ (၉/နထက(နိုင်)၃၁၈၉၈၅) ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-349942) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၈၈၅၀၁၃၃၀၉**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြားငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ဖြတ်သန်းခဲ့ရသည့်သမိုင်းအတွေ့အကြုံအရ မိမိတို့နိုင်ငံကို တည်ဆောက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ်တစ်ခုတည်းနှင့်မပြည့်စုံဘဲ တိုင်းရင်းသားအားလုံးပေါင်းစည်းနေထိုင်ပြီး အခွင့်အရေးမျှဝေခံစားနိုင်သည့် ပြည်ထောင်စုစနစ်တည်ဆောက်သွားခြင်းသည် မိမိတို့နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၂-၁၂-၂၀၂၂

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၆)နှစ်မြောက် အခမ်းအနားကျင်းပ




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၉၆)နှစ်မြောက်အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ အမှတ်တရရုပ်ပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၆)နှစ်မြောက် အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Max ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai၊ စစ်သံမှူး Senior Colonel Wang Wei၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာစစ်သံမှူးများ၊တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ

စာမျက်နှာ ၁၆ ကော်လံ ၁☆

## (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်

၂၀၂၃ ခုနှစ် ဇူလိုင် ၁၉ ရက် **(ယနေ့)** တွင် ကျရောက်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ အဆိုပါအခမ်းအနားကျင်းပပုံများကို နံနက် ၇ နာရီ မိနစ် ၄၀ မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV HD၊ MWD HD၊ MWD Variety HD၊ MRTV News၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FMတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို ကြိုတင်အသိပေးအပ်ပါသည်။

## တပ်မတော်တွင် တတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ပထမနေ့ ဆောင်ရွက်

စာမျက်နှာ - ၁၈

## (၄၇)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်

စာမျက်နှာ - ၉




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563